JOURNALIST PUBLISHING



# အာဏာရှင်ဝါဒစကော
နှင့်
# ခရိုနီအရည်းကြီးများ

သရဝဏ် (ပြည်)

## ဆရာသရဝဏ်(ပြည်)နှင့် ဂျာနယ်လစ်စာပေ အင်တာဗျူး

ရန်ကုန်၊ ဇူလိုင် ၂၈

Journalist Publishing။ ။ ဆရာ့ကလောင်နာမည် ရွေးပေးဖြစ်ခဲ့ပုံနဲ့ ဘာကြောင့် ဒီကလောင် နာမည် ပေးထားရတာ လဲ ဆိုတာလေး ရှင်းပြပေးပါဦး ဆရာ။

သရဝဏ်(ပြည်) ။ သရဝဏ်ဆိုတာက ဝါခေါင်လရဲ့ စန်းယှဉ်နက္ခတ်ပါ။ အလွယ် ပြောရင် ကြယ်နာမည်ပေါ့။ ကိုနေဝင်းရေးပြီး ခိုင်ထူးဆိုထား တဲ့ ခတ္တာဆိုတဲ့ သီချင်းထဲမှာလည်း သရဏ်ကူညီလို့ ဆိုတဲ့ စာသားလေး ပါတယ်။ ဖိုးသူတော်ဦးမင်းရေးတဲ့ ကဗျာတစ်ပုဒ် ထဲမှာ သရဏ်ငွေကြယ်မင်း ထွန်းလင်းတဲ့ချိန်ခါဆိုတဲ့ စာသား လေးပါတယ်။ အဲဒါတွေကိုကြိုက်လို့ ကလောင်အမည်ယူခဲ့ တာပါ။

Journalist Publishing။ ။ ဆရာ အရင်က Tour Guide လုပ်ခဲ့တယ်။ အဲဒီကနေ စာပေလောကထဲကို ဝင်ရောက်လာဖြစ်ခဲ့ပုံကို ပြောပြပေးပါ။

သရဝဏ်(ပြည်) ။ ကျွန်တော်က Tour Guide က နောက်မှဖြစ်တာ။ စာရေးတာ က အရင်။ စာက ၁၉၈၉ ခုနှစ်၊ ဧပြီလထုတ် ရုပ်ရှင်သစ္စာ မဂ္ဂဇင်းမှာ မီးခိုးနဲ့ပြာဆိုပြီး ကဗျာလေးတစ်ပုဒ် စပါတယ်။ အဲဒီ နောက်ပိုင်း ပေဖူးလွှာရဲ့ ကလောင်ငယ်ကဏ္ဍမှာ အတ္တပျော် ဝင်ရေးဆိုပြီးတော့ ဝတ္ထုလေးတစ်ပုဒ် ထပ်ပါလာတယ်။ အဲဒီ ကနေစပြီး စာကို ဆက်တိုက်ရေးဖြစ်သွားတယ်။ Tour Guide လုပ်တာက ၁၉၉၅ ခုနှစ်မှာစလုပ်တာ။ အဲဒီ တော့ စာရေးတာက

ခြောက်နှစ်စောတာပေါ့။ Tour Guide မလုပ် ခင် Summit Park View ဟိုတယ်မှာ ဝန်ထမ်းဝင်လုပ်သေး တယ်။ ဘိုကင်လက်ခံတဲ့ဌာနမှာ လုပ်ရတာ ။ ဟိုတယ်မှာက ငြိမ်ငြိမ်လေးထိုင်နေရတာ ။ လစာတော့ ကောင်းတယ်။ ဒါပေ မဲ့ ကျွန်တော် ဟိုတယ်မှာနေရတဲ့ဘဝကို သိပ်မပျော်ဘူး။ အဲဒါနဲ့ Tour Guide ဆို ဟိုသွားဒီသွားလည်း သွားရတယ်။ စာရေးဆရာဘဝနဲ့လည်း အံကိုက်ပဲဆိုပြီးတော့ Tour Guide ဘဝဘက်ကို ပြောင်းလိုက်တာ။

Journalist Publishing။ ။ ဘဝရပ်တည်မှုအတွက်ကျတော့ Tour Guide ဘဝနဲ့ စာရေး ဆရာတစ်ယောက်ရဲ့ဘဝနဲ့ ယှဉ်ကြည့်မယ်ဆိုရင် ဘယ်ဘဝက ဆရာ့အတွက် ပိုပြီးအဆင်ပြေမလဲ။

သရဝဏ်(ပြည်) ။ Tour Guide ဘဝကတော့ ခိုင်မာတာပေါ့။ ကျွန်တော်က တကယ်လုပ်ချင်တာက စာရေးဆရာ။ ဒါပေမဲ့ သိတဲ့တိုင်းပဲ မြန်မာပြည်မှာက စာရေးလို့ ထမင်းဝတဲ့အနေအထားမှာ မရှိဘူး။ ကိုယ်တို့ အခုလောက်နာမည်ကြီးနေတဲ့အချိန်မှာတောင် စားရရုံလောက်ပဲ ရှိတယ်။ ရပ်တည်လို့တော့ရသွားပြီ။ တခြားလူနေမှုအဆင့်ကို မီအောင်လို့ စာရေးတဲ့ဝင်ငွေက မပေးနိုင်ဘူး။ Tour Guide ကျတော့ အဲဒီ လိုမဟုတ်ဘူး။ Tour Guide တစ်ယောက်ဟာ မြန်မာပြည်မှာ အသင့်အတင့် လုပ်သက်ရှိသွားပြီဆိုရင် Middle Class လောက်တော့ နေနိုင်သွားပြီ။ သူ့ဝင်ငွေက တော်တော်ကောင်းတယ်။

Journalist Publishing။ ။ အခုထုတ်မယ့် အာဏာရှင်ငါ့စကောနဲ့ ခရိုနီအရည်းကြီးများ စာအုပ်ထဲမှာ ဆရာအကြိုက်ဆုံးဆောင်းပါးက ဘယ်ဆောင်းပါးလဲ။ နောက်ပြီး ဆရာ့အနေနဲ့ ခက်ခက်ခဲခဲ အားထုတ်ရေးသားခဲ့ရတဲ့ ဆောင်းပါးအကြောင်း ပြောပြပေးပါ။

သရဝဏ်(ပြည်) ။ အာဏာရှင်ငါ့စကောနဲ့ ခရိုနီအရည်းကြီးများ ဆိုတာကတော့ အကြိုက်ဆုံးပေါ့နော်။ ငါ့စကောဆိုတာက အရင်တုန်းက သရေခေတ္တရာမြို့ကြီး ပျက်တဲ့အခါကျတော့ ငါ့စကောတပ် ကြီး လာတိုက်ပြီဆိုပြီး

ငါ့စကောဆိုတာ ပြည်ပစစ်တပ်ကြီး ပေါ့၊ ငါ့စကောစစ်တပ်ကြီး ချီတက်လာတယ်ထင်ပြီး ပြေးကြ လွှားကြရင်းနဲ့ သရေခေတ္တရာပြည် ပျက်တယ်ဆိုပြီး ပါးစပ် ရာဇဝင်မှာ ရှိတယ်ပေါ့နော်။ အခုလည်း သရေခေတ္တရာမြို့ ကြီးကို ပြန်တူးဖော်နေတဲ့အခါကျတော့ အဲဒီ မြို့ကြီးကို ဖျက် မယ့်သူတွေက အခြားလူတွေမဟုတ်ဘူး။ အာဏာရှင်တွေနဲ့ ပေါင်းပြီးတော့ ဝယ်ပြီးတော့ မြေတွေကိုစားတော့မယ့် အဲဒီ လူတွေက အရင်တုန်းက ငါ့စကောတပ်ကြီး ချီတက်လာတာ ထက်တောင် ဆိုးပါသေးတယ်ဆိုတဲ့သဘောနဲ့ ပုဂံမှာဆို လည်း အရည်းကြီးတွေက သာသနာကိုဖျက်ခဲ့တယ်။ အခု လည်း အဲဒီ လိုပဲ ခရိုနီအရည်ကြီးများဆိုပြီး ခရိုနီတွေက အ ရည်းကြီးတွေထက်တောင် ဆိုးပါသေးတယ်လို့ သာသနာ့ နယ်မြေမှာ ဓာတ်ဆီဆိုင်တွေဆောက်၊ ကြဲတွေစိုက်၊ ဘုရား ဌာပနာတွေ ဖြိုချ၊ ဒါမျိုးတွေ လုပ်နေတော့ ကျွန်တော်က မီး မောင်းထိုးပြီးတော့ အာဏာရှင်ငါ့စကောနှင့် ခရိုနီအရည်းကြီး များဆိုတဲ့ဟာကို ရေးတာပေါ့နော်။ အဲဒီ ဆောင်းပါးကိုတော့ အားအရဆုံးပါ။

Journalist Publishing။ ။ ပြည်ဖျက်ကြသူများဆောင်းပါးနဲ့ပတ်သက်ပြီး ဂယက်ထသွားတာလည်း ကြားတယ်။

သရဝဏ်(ပြည်) ။ ပြည်ဖျက်ကြသူများက အခုဒီစာအုပ်ထဲမှာလည်း ပါတယ်။ ပြည်မှာက ခရိုနီတစ်ယောက်ရှိတယ်။ လူမျိုးခြားပေါ့။ တရုတ်လူမျိုး ခရိုနီတစ်ယောက်ရှိတယ်။ သူက အာဏာပိုင်တွေထဲက တိုင်းအဆင့်လောက်ကို တော်တော်ပိုင်တယ်။ သူ ဘယ်လိုင်းဝင်ပြီးတော့ ပေါင်းထားလဲမသိဘူး။ စစ်အစိုးရလက် ထက်တစ်လျှောက်မှာ အဲဒီ အာဏာပိုင်တွေနဲ့ပေါင်းပြီးတော့ မြေလွတ်မြေရိုင်းမှန်သမျှကို အကုန်လက်ညှိုးထိုးပြီး ဂရန်တွေ လျှောက်ပြီးတော့ယူသွားတာ တချို့တော်တော်များများ သူပိုင်သွားတယ်။ ဘယ်လောက်ထိတောင် သူပိုင်သလဲဆို ရှေးဟောင်းနယ်မြေထဲမှာ ယဉ်ကျေးမှုဌာနကနေ ကာကွယ်ထားတဲ့ကြားခံနယ်မြေဆိုတာ ရှိတယ်။ Buffal Zone

ထဲမှာ ရှိ တဲ့ နယ်မြေထဲမှာတောင် သူက ခတ်ဆီဆိုင်ရအောင် ဖွင့်သွားတယ်။ ရှေးဟောင်းဥပဒေအရဆို ခတ်ဆီဆိုင်ဖွင့်ခွင့် မရှိဘူး။ သူက အထက်လူကြီးနဲ့ပိုင်တော့ အဲဒီ လိုလုပ်သွားတယ်ပေါ့။ အဲဒီ လိုလုပ်သွားတာက အကြောင်းမဟုတ်ဘူး။ နောက်ဆုံးကျတော့ ပြည်မြို့မှာ ကမ်းနားလမ်းမှာ ကမ်းနား ရှုခင်းက အရမ်းလှတယ်။ ဒါပေမဲ့ ကမ်းနားလမ်းနဲ့ မြစ်ရေနဲ့ ကြားထဲမှာ ပေခြောက်လောက် မြေကွက်အလွတ်တွေကို ပိုင်းခြားပြီးတော့ ဂရန်တွေလျှောက်ပြီး ယူလိုက်တာတွေရှိတယ်။ အဲဒါကို မြို့လူထုက မသိဘူး။ အဲဒီ နေရာမှာ သူက အုတ်မြစ်ချ၊ တိုက်တွေလာဆောက်တော့မှ သိကြတာ။ သိလို့ လိုက်စုံစမ်းတော့ သူက ဂရန်တောင်ကျပြီးနေပြီ။ ဒါက ပြည်မြို့ကိုဖျက်လို့ ပြည်ဖျက်တယ်လို့ ပြောတာပေါ့။ အဲဒီ လိုပဲ တစ်တိုင်းတစ်ပြည်လုံးမှာလည်း ဂရန်တွေကို အာဏာပိုင်တွေ နဲ့ပေါင်းပြီး ကလေးကစားကွင်းတောင်မရှောင်၊ တချို့ဆို မီးတားတဲ့ရပ်ကွက်နှစ်ခုကြားမှာ မီးထားတဲ့နယ်မြေတွေကို လည်းယူ၊ ဘိုးဘွားရိပ်သာလည်းယူး၊ ဒီလိုမျိုးတွေ လောဘဇောတွေတက်ပြီးတော့ ယူသင့်ယူထိုက်တာကိုယူတာတော့ မပြောလိုပါဘူး။ သို့သော်လည်း အများပိုင်မြေတွေကို မသမာတဲ့နည်းနဲ့ လုပ်ယူသွားတာတွေကို မီးမောင်းထိုးပြီးတော့ ပြည်ဖျက်ကြသူများထဲမှာ ထည့်ရေးတဲ့အခါမှာ ဒီမသမာတဲ့ နည်းနဲ့ ယူထားတဲ့မြေတွေဟာ တစ်ချိန်ချိန်မှာ မူမမှန်ဂရန်ကို ဖျက်သိမ်းလိုမှုဆိုပြီး ရုံးမှာ လျှောက်မယ်ဆိုရင် အဲဒီ ဂရန်တွေ ပြန်သိမ်းခံရနိုင်တယ်လို့ ကျွန်တော်ကရေးထားတာ။ ဥပမာ အထောက်အထား အကိုးအကားနဲ့ ရေးထားတဲ့အခါမှာ အဲဒီ လိုမျိုးများ ပြန်လျှောက်လာတဲ့သူရှိရင် သူတို့မြေတွေဟာ ပြန်အသိမ်းခံရမှာပဲ။ လွတ်လပ်တဲ့တရားစီရင်ရေးသာရှိရင် ဒါဟာ ပြန်သိမ်းခံရမှာ သေချာတယ်။ အဲဒီ လိုရေးတဲ့အတွက်ကြောင့် ပြည်ကခရိုနီတွေက မြေတွေကို မတရားရထားတဲ့သူတွေက မကျေနပ်လို့ ကျွန်တော့်ဆောင်းပါးပါတဲ့ ဟစ်တိုက်ဂျာနယ်ကို ဝယ်ပြီး ကျွန်တော့်ဆောင်းပါးပါတဲ့ စာမျက်နှာ ၇ ကို ဆွဲဆုတ် ပြီး ဖျက်ဆီးပစ်လိုက်တယ်။ သူ့မတိုင်ခင်ကလည်း အဲဒီ လိုပဲ။ ရက်တတ်ကြရဲ့လားဆိုပြီး News Watch ဂျာနယ်မျာပါတုန်း က

ဖျက်ဆီးလိုက်တာရှိတယ်။ သူတို့က သူတို့အကြောင်း မကောင်းတာရေးရင် ဂျာနယ်ဝယ်ဖျက်လိုက်ရင် လုံပြီးမှတ် နေတာပေါ့။ မလုံပါဘူး။ မသမာမှုဆိုတာ ပေါ်မှာပဲ။

Journalist Publishing။ ။ ဆရာရေးလိုက်တဲ့ ဆောင်းပါးကြောင့် ပြောင်းလဲသွားတာ

သရဝဏ်(ပြည်) ။ နဂိုကတည်းကတော့ အပြင်မှာရှိတဲ့ အဖွဲ့အစည်းတွေပေါ့။ ဧရာဝတီချစ်သူများတို့၊ ပျူထိန်းသိမ်းစောင့်ရှောက်ရေးတို့ အဲဒီလို လူမှုရေးအသင်းအဖွဲ့တွေ ရှိတယ်။ အဲဒီ အဖွဲ့တွေက နဂို ကတည်းက မြစ်ကမ်းနားတစ်လျှောက်က မြေကြီးတွေကို မတရားယူထားတာကို မကျေနပ်ဘူး ဆန္ဒပြတာတို့၊ အထက် ကို စာတင်တာတို့ လုပ်နေပေမယ့် လူသိပ်မသိကြဘူး။ ကျွန်တော့်ဆောင်းပါးပါလာတဲ့အခါကျတော့ သူတို့က အစ်ကို ကျွန်တော်တို့ လုပ်ရကိုင်ရ ပိုပြီးအားရှိသွားပြီ။ ကျွန်တော်တို့ ဆက်ပြီး ဥပဒေလမ်းကြောင်းကနေ လုပ်မယ်ဆိုတဲ့ အသံတွေ ကြားလာရတယ်။ ကျွန်တော်ကတော့ စာရေးဆရာဖြစ်တဲ့ အတွက် ဆန္ဒပြတာတွေ တရားစွဲတာတွေ လုပ်မှာမဟုတ်ဘူး။ ဖြစ်နေတာကိုတော့ ဥပဒေက ဒီလိုရှိပါတယ်ဆိုတာကို ထောက်ပြတာ။ အဲဒါကတော့ ထူးခြားတဲ့အချက်ပဲ။ တစ်ချိန်ချိန်မှာတော့ မတရားယူထားတဲ့ဂရန်တွေဟာ မြို့လူထုလက် ထဲကို ပြန်ရောက်မှာပါပဲ။ ကျွန်တော်တို့ပြည်တစ်မြို့တည်း မ ဟုတ်ဘူး။ မြန်မာတစ်ပြည်လုံးပဲ မတရားယူထားတဲ့ ဂရန်တွေ ဟာ နောင်တစ်ချိန်မှာ မတရားလုပ်ထားတာ ပေါ်လွင်လာရင် ပြန်အသိမ်းခံရမှာပဲ။

Journalist Publishing။ ။ တချို့စာဖတ်ပရိသတ်တွေက ပြောတယ်။ မီဒီယာတွေက ဘယ်လောက်ပဲရေးရေး၊ ရေဒီယိုတွေလည်း ဘယ်လောက်ပဲ အော်အော် ပြောင်းလဲမှုက ဘာမှမရှိလာဘူးပေါ့နော်။ အစိုးရ က သူတို့ပြောင်းချင်မှ ပြောင်းတယ်။ သူတို့လုပ်ချင်မှ လုပ် တယ်။ အဲဒါကို ဆရာ စာရေးဆရာတစ်ယောက်အနေနဲ့ ဘယ် လို ရှင်းပြချင်လဲ။

သရဝဏ်(ပြည်) ။ သူတို့ပြောတာလည်း မှန်သင့်သလောက် မှန်ပါတယ်။ မပြောင်းလဲဘူးဆိုတာ။ ဒါပေမဲ့ တစ်ခုရှိတာ ပြောင်းလဲတယ် မပြောင်းလဲဘူးဆိုတာ လွတ်လပ်တဲ့ တရားစီရင်ရေး ဘယ်လောက်ရှိတယ် မရှိဘူးပေါ်မှာ မူတည်တယ်။ ကျွန်တော်တို့နိုင်ငံမှာက ၁၉၆၂ ခုနှစ်ကစပြီးတော့ ဘာဖြစ်လာလဲဆို တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးပေါ့။ တရားစီရင်ရေးမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်က ထွေးလားလုံးလားနဲ့ မသဲကွဲဘူးဖြစ်နေတယ်။ တရားစီရင်ရေးက အုပ်ချုပ်ရေးရဲ့အောက်ကို ရောက်နေတယ်။ အခု မြန်မာပြည်မှာဆိုရင် တရားသူကြီးအားလုံးသည် ပြည်ထဲရေးလက်အောက်မှာရှိတယ်။ ပြည်ထဲရေးဝန်ကြီးက ဘယ်ကလဲဆိုတော့ တပ်ကလာတာ။ စစ်တပ်ရဲ့အောက်မှာ တရားစီရင်ရေးက ရောက်နေတယ်ဆိုတော့ အဲဒီ လိုစနစ်မျိုးမှာ ပြောင်းလဲမှုက မရှိဘူးပေါ့။ နောင်တစ်ချိန်မှာ တရားစီရင်ရေးဟာ အုပ်ချုပ်ရေးနဲ့ မဆိုင်တော့ဘူး။ အုပ်ချုပ် တဲ့အစိုးရက အုပ်ချုပ်တဲ့အလုပ်ပဲ လုပ်မယ်။ အဲဒါဆိုရင် အပြောင်းအလဲတွေက စလာမှာပါ။ ခဏဖုံးထားဖွက်ထားလို့ ပဲ ရတယ်။ ဖျောက်ဖျက်ပစ်လို့တော့ မရပါဘူး။

Journalist Publishing။ ။ သမ္မတဦးသိန်းစိန်အစိုးရရဲ့ အသက်တမ်းကာလ ကုန်တော့ မယ်။ ဘာတွေပြောင်းလဲလာတယ်လို့ ဆရာ သုံးသပ်မိလဲ။

သရဝဏ်(ပြည်) ။ ဦးသိန်းစိန်လက်ထက်မှာ ကျေးဇူးလည်း အတင်ဆုံး၊ ထိ လည်း အထိရောက်ဆုံးက စာပေစိစစ်ရေး ဖျက်သိမ်းလိုက် တာပဲ။ ကျွန်တော်တို့တွေက အရင်တုန်းက ရေးချင်သ လောက် မရေးနိုင်ခဲ့ပါဘူး။ စာပေစိစစ်ရေးဆိုတဲ့ ကြိုးကြီးက ကျွန်တော်တို့ကို တုပ်ထားတာ။ ခြေထောက်ကိုကြိုးတုပ်ပြီး တော့ ပြေးခိုင်းသလိုပဲ။ အဲဒီ တုန်းက ဘယ်သူဘယ်လောက် ပြေးနိုင်လဲဆိုတာ သိပ်ပြီးတော့ မပေါ်လွင်ဘူး။ ဘာလို့လဲဆို အားလုံးရဲ့ခြေထောက်ကို ကြိုးတွေတုပ်ထားတဲ့အတွက် ကြောင့်။ အခုက

ကြိုးတွေဖြေပေးပြီး မင်းတို့ပြေးကြတော့ဆို တော့ ကိုယ့်အစွမ်းရှိသလောက် ရေးကြတော့ အခု ဘယ်သူက ဘယ်လောက်ရေးနိုင်လဲဆိုတာ ပေါ်လွင်ထင်ရှားတယ်။ စာပေစိစစ်ရေး ဖျက်သိမ်းလိုက်တဲ့အတွက်ကြောင့် ကျွန်တော်တို့တွေသည် တိုင်းပြည်မှာ ဖြစ်ပျက်နေတာတွေကို လွတ်လွတ်လပ်လပ်နဲ့ ထောက်ပြလို့ အမှုတွေအများကြီး ပေါ်လာတာလည်း ရှိတယ်။ အဲဒါကတော့ တိုင်းပြည် အပြောင်းအလဲမှာ အင်မတန်ကြီးမားတဲ့ အလှည့်အပြောင်း တစ်ခုလို့ ကျွန်တော်မြင်တယ်။ ဦးသိန်းစိန်အစိုးရရဲ့ လက် ထက်မှာ အကြီးမားဆုံးအပြောင်းအလဲကို ပြပါဆိုရင် စာပေ စိစစ်ရေးကို ဖျက်သိမ်းလိုက်တာ အကြီးမားဆုံးအပြောင်း အလဲပဲ။ အဲဒါဟာ ဂျာနယ်လစ်တွေအတွက်သာမက မြန်မာ တစ်ပြည်လုံးကို မျက်စိဖွင့်ပေးလိုက်တာ။ သူတို့က ဖွင့်ပေး လိုက်တယ်ဆိုပေမယ့် သူတို့အကျိုးစီးပွားနဲ့ ပတ်သက်ရင် တော့ ပြန်ပြီးတော့ရန်ရှာနေတာတွေလည်း ရှိတယ်။ ဆိုလို တာက ဂျာနယ်တိုက်တွေကို ဝင်စီးတာတို့ ညကြီးသန်းခေါင် ဧည့်စာရင်းစစ်သလိုလိုနဲ့ မြန်မာ့ခေတ်ဂျာနယ်ကို ဝင်ရှာ တာတို့ သူရိယနေဝန်းဂျာနယ်ကို ညကြီးသန်းခေါင် ကွန်ပျူ တာတွေ ဝင်သိမ်းသွားတာတို့။ သတင်းထောက်တွေ၊ အယ်ဒီ တာတွေကို ထောင်ချအရေးယူတာတွေတော့ ရှိနေတာ ပေါ့လေ။ ရှိနေပေမယ့်လည်း အများကြီး အရင်ကထက်စာရင် လွတ်လပ်သွားပြီပေါ့။ အဓိကကတော့ နောက်မှသူတို့ဖမ်းချင် ဖမ်း။ လောလောဆယ် ကိုယ်ရေးတဲ့စာတစ်ပိုဒ်ကို ကျွန်တော် တို့ဂျာနယ်စာမျက်နှာပေါ်တော့ လွတ်လွတ်လပ်လပ် ရေးလို့ရ သွားပြီ။ မကျေနပ်လို့ နောက်မှတရားစွဲတာက တစ်ပိုင်းပေါ့။ အရင်တုန်းကဆို ကျွန်တော်တို့ရေးမယ့်စာတွေကို စိစစ်ရေး ကို အရင်ပြရတယ်။ ပြပြီးမှ သူတို့က မင်နီတွေတားပြီး ဒါ တော့ဖြုတ်လိုက်၊ ဒါတော့မထည့်နဲ့ဆိုပြီးတော့မှ ဆောင်းပါး ကထွက်လာတော့ ဘယ်လိုမှ မကောင်းတော့ဘူး။

Journalist Publishing။ ။ ဒီလို စာပေလွတ်လပ်ခွင့်ပေးလာတဲ့အတွက်

တစ်ဖက်က ပြန်ကြည့်တော့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုက ဘယ်လောက်အထိ အားကောင်းလာပြီလဲ။

သရဝဏ်(ပြည်) ။ ရသစာပေလိုင်းမှာတော့ အရင်ကဝတ္ထုတွေက အပျော်ဖတ် ဝတ္ထုတွေပဲ ဖြစ်နေတာပေါ့။ တကယ့်ဖြစ်ရပ်မှန်လေးတွေ၊ ရင်နင့်စရာ ဇာတ်လမ်းလေးတွေ ရေးမယ်ဆိုရင် ကျွန်တော်တို့က ဆင်းရဲတာဆိုလည်း ရေးလို့မရဘူး။ Living Together မရဘူး။ အရာရှိကြီးတွေ လာဘ်စားတာရေးလို့မရဘူး။ အဲဒီ တော့ စစ်အစိုးရလက်ထက်မှာ စာကောင်းပေကောင်းတွေဆိုတာ ဘာမှထွက်မလာတော့ဘူး။ အပျော်ဖတ်စာပေတွေကပဲ နေရာယူခဲ့တာပေါ့။ အခု ဒီဘက်မှာ လူတွေကလည်း မျက်စိပွင့်နားပွင့် ဖြစ်လာတော့ အပျော်ဖတ်တွေက အားနည်းလာပြီ။ အရင်ကဆို လိုင်းစာအုပ်လို့ခေါ်တဲ့ လူတွေ အပိုင်ဝယ်ဖတ်တဲ့ စာအုပ်ပေါ့။ အဲဒီ လိုဝတ္ထုမျိုးက တဖြည်းဖြည်းနေရာရလာတယ်။ အဲဒါကတော့ မြန်မာစာပေ၊ ရသစာပေအတွက် အပြောင်းအလဲတစ်ခုပေါ့။ ရသစာပေ အားကောင်းလာတာပေါ့။

Journalist Publishing။ ။ နောက်တစ်ခုက ဆရာလည်း ပြည်ပနိုင်ငံတွေ သွားခဲ့ဖူးတော့ နိုင်ငံတကာမှာ ပြန်ကြားရေးဝန်ကြီးဆိုတာရှိလား။ ကျွန်တော်တို့နိုင်ငံမှာရော ပြန်ကြားရေးဝန်ကြီးဌာနဆိုတာ တကယ်လို အပ်လို့လား။

သရဝဏ်(ပြည်) ။ အမှန်မှန်တော့ ဒီမိုကရေစီနိုင်ငံတွေမှာတော့ ပြန်ကြားရေးဝန်ကြီးဌာနဆိုတာ မရှိဘူး။ ဝါဒဖြန့်ချိရေးလုပ်ငန်းကြီးတစ်ခုလုံးကို ကိုင်ထားစရာမလိုတဲ့အတွက် ဝန်ကြီးအဆင့်ဆိုတာလည်း မရှိဘူးပေါ့။ ပြန်ကြားရေးဝန်ကြီးဌာနဆိုတာ တကယ်တမ်းပြောရင် ကွန်မြူနစ်နိုင်ငံတွေနဲ့ အာဏာရှင်နိုင်ငံတွေမှာ သူတို့ဝါဒကို လူတွေယုံလာအောင်လို့ အတင်းဖြန့်ချိရတာ ကို။ အဲဒီ အတွက်ကြောင့် ဝန်ကြီးဌာနထားပြီး လုပ်နေတာပေါ့။ နိုင်ငံတကာမှာတော့ နိုင်ငံပိုင်သတင်းစာတောင်မရှိဘူး။ အကုန်လုံးက ပုဂ္ဂလိကသတင်းစာတွေချည်းပဲ။ အစိုးရအလုပ်က ဘာလဲဆိုတော့ အစိုးရရဲ့သတင်းတွေကို

သတင်းစာရှင်းလင်းပွဲလုပ်ပြီးတော့ သမ္မတဆိုလည်း သမ္မတက ပုံမှန် သတင်းစာရှင်းလင်းပွဲလုပ်ပြီးတော့ သတင်းတွေပေးနေတယ်။ ဝန်ကြီးဌာနအသီးသီးကလည်း သတင်းစာရှင်းလင်းပွဲတွေ ပုံမှန်လုပ်တယ်။ Website တွေမှာလည်း သူတို့သတင်းတွေကို တင်ထားတယ်။ အားလုံးက လွတ်လွတ်လပ်လပ်နဲ့ သတင်းစီးစဥ်မှုက ဖြစ်ပေါ်နေတာပေ့ါ။ ဝန်ကြီးဌာနဆိုတာရယ်လို့တော့ သူတို့ဆီမှာ သီးသန့်မရှိပါဘူး။

Journalist Publishing။ ။ ဆရာကိုယ်တိုင်လည်း ဟောပြောပွဲတွေ လိုက်ဟောတယ်။ ဆရာဟောတာလည်း ပရိသတ်တွေ ကြိုက်ကြတယ်။ တစ်လောက ဆရာတို့ပြည်မြို့မှာ ဟောပြောပွဲလုပ်တော့ စာရေးဆရာတစ်ယောက်ကပွဲစီစဉ်တဲ့ ဒေသခံတစ်ယောက်ကို တင် တင်စီးစီး ပြောလိုက်တာဟာ စာရေးဆရာတစ်ယောက်အနေနဲ့ ပြောသင့်မပြောသင့်ပေ့ါ။ ဆရာ့အတွေ့အကြုံနဲ့ယှဉ်ပြီး ဆွေး နွေးပေးပါဦး ဆရာ။

သရဝဏ်(ပြည်) ။ ကျွန်တော်က ပုဂ္ဂိုလ်ရေးလည်း နာမည်တပ်ပြီး မပြောချင် တော့ပါဘူး။ ကျွန်တော့်ရဲ့ အညတြမှတ်တမ်းထဲမှာလည်း ရေးထားပါတယ်။ နှစ်ဦးနှစ်ဖက် ရှိတယ်ပေ့ါဗျာ။ တစ်ဖက်က မြို့ခံကော်မတီရှိတယ်။ တစ်ဖက်က စာရေးဆရာပေ့ါဗျာ။ တစ်ခါတလေကျရင်လည်း မြို့ခံကော်မတီက ကျွန်တော်တို့ကို အဆင်မပြေအောင် သူတို့လုပ်တာလေးတွေလည်း ရှိတယ်။ ကျွန်တော်တို့သွားတုန်းကတော့ ကြုံတယ်။ လေးလေးစားစား နဲ့ ဧည့်ခံတယ်။ ဟောလည်းပြီးရော နောက်နေ့မနက်ကျတော့ တစ်ယောက်မှ မလာတော့ဘူး။ ပြန်ဖို့တောင်မှ ကားဂိတ်ကို ဘယ်လိုသွားရမှန်းမသိတာမျိုးတွေပေ့ါ။ အဲဒါမျိုးတွေလည်း ကျွန်တော်တို့ ကြုံခဲ့တယ်။ တချို့ကျတော့လည်း စာရေးဆရာကိုသာ ဖိတ်တယ်။ ဒီစာရေးဆရာ ဘာစာတွေရေးမှန်းလဲ သူတို့မသိဘူး။ ဒီစာရေးဆရာ ဘယ်သူဘာဆိုတာပြောလည်း သူတို့စိတ်မဝင်စားဘူး။ အဲဒီလိုလူတွေလက်ထဲ ကျွန်တော်တို့ ရောက်သွားတဲ့အခါ စာရေးဆရာမှာလည်း

ဖိုးငုပ်တာတွေ ရှိ ပါတယ်။ ဖိတ်တဲ့အကြီးအကဲကလည်း စာရေးဆရာကို အထီးလား အမလားမသိတော့ စာရေးဆရာမ သရဝဏ်ရောက်ပြီလားဆိုပြီး မေးတာမျိုးလည်း ရှိသေးတယ်။ ကော်မတီဘက်က ချို့ယွင်းတာမျိုးတွေရှိသလို စာရေးဆရာဘက်ကလည်း ဖောင်းတာတွေ ရှိတာပေ့ါ။ တချို့ဆို အမူးလွန်ပြီးတော့ ဟောမယ့်အချိန်ကျတော့ စင်ပေါ်ကို လူနှစ်ယောက်တွဲပြီး တက်ရတယ်။ အဲဒီ လူနှစ်ယောက်လည်း လွှတ်လိုက်ရော ဗုန်းဆိုပစ်လဲတော့တာပဲ။ ဒါမျိုးကျတော့ မြင်မကောင်းဘူး ပေ့ါ။ နောက်တစ်ခုက ညီလေးမေးတဲ့အထဲက စာရေးဆရာ က အရမ်းကဂျီကဂျောင်နိုင်တယ်။ အဲဒါမျိုးတွေလည်း ရှိ တော့ရှိပါတယ်။ အင်မတန်နည်းပါတယ်။ ကျွန်တော် မြန်မာ ပြည်က စာရေးဆရာတော်တော်များများနဲ့ လိုက်ဟောဖူးတဲ့ အခါကျတော့ အဲဒီ လို ကဂျီကဂျောင်နိုင်တဲ့သူ သိပ်မရှိဘူး။ အဲဒီ တစ်ယောက်လောက်ပဲ ရှိမယ်။ အဲဒါလည်း သူ့သမိုင်းနဲ့ သူပေ့ါနော်။ စာရေးဆရာဆိုတာ ရုပ်ရှင်မင်းသားမဟုတ်ဘူး။ ကိုယ့်ကို ဘယ်ဟိုတယ်ကြီးမှာထားမှ၊ ဘယ်လိုကားကြီးနဲ့လာ ကြိုမှဆိုတာမျိုးတွေ တချို့စာရေးဆရာတစ်ယောက်နှစ် ယောက် ကြုံဖူးတယ်။ သူ့ကို လိုက်ထရပ်နဲ့လာကြိုလို့ဆိုပြီး ကော်မတီကို မင်းတို့ကားက ဒါပဲလားကွလို့ ပြောတယ်။ ကော်မတီကလူတွေက ဖုန်းဆက်ပြီး လန်ခရူဇာတစ်စီး ရှာပြီး ခေါ်ရတယ်။ အဲဒါ အဝေးကြီးလည်းမဟုတ်ဘူး။ အဝေးပြေး ဂိတ်ကနေပြီးတော့ တည်းမယ့်နေရာကို ငါးမိနစ်၊ ဆယ်မိနစ် လောက်ပဲ စီးရမယ့်ခရီး။ အဲဒါက သက်ကြီးပိုင်းထဲက။ ခုန ကလို သက်ငယ်ပိုင်းထဲကကျတော့ ထားတဲ့ဟိုတယ်က နိမ့် တယ်လို့ ဒီလိုမျိုးတွေပေ့ါ။ နာမည်ကြီးစာရေးဆရာတစ် ယောက်ဆို လက်ခံလည်းပြီးပြီ။ မြို့ခံတွေကလည်း အကုန် စီစဉ်ပြီးပြီ။ ဗီနိုင်းတွေဘာတွေ ကပ်ပြီးပြီ။ မနက်ဖြန်လိုဟော မယ်ဆိုတော့မှ ဒီနေ့လိုမှာ ဆရာကြီးက ကျုပ် အရေးကြီးတဲ့ အစည်းအဝေးတစ်ခု နေပြည်တော်မှာရှိလို့ ခင်ဗျားတို့ဆီ မလာနိုင်တော့ဘူးဆိုတော့... အစည်းအဝေးက အရေးကြီး လား။ စာဖတ်ပရိသတ်က အရေးကြီးလား။ သူလက်ခံထားတဲ့ ပွဲလေ။ သူလက်ခံပြီးရင်

တကယ်တမ်းက လာရမယ်။ ပွဲစီစဉ် တဲ့ကော်မတီတွေဘက်ကလည်း မနက်ဖြန်လို ဟောရတော့ မယ်ဆိုမှ ဒီနေ့လိုမှ ဆရာရေ ပွဲမဖြစ်တော့ဘူးဆိုပြီး ကပ်ဖြုတ်တာတွေလည်း ရှိတယ်။ ကျွန်တော်တို့စာရေးဆရာတွေ ဆိုတာ ဇာတ်သမားတွေလို ကြိုပြီးစရန်ငွေတောင်းထားလို့ လည်း ရတာ မဟုတ်ဘူး။ ရုပ်ရှင်မင်းသားတွေလို ပိုက်ဆံ တစ်ဝက်တောင်းထားလို့လည်း ရတာ မဟုတ်ဘူး။ ကျွန်တော် ဆို Tour Guide လုပ်တာ တစ်ရက်ကို ငါးသောင်းတစ်သိန်း ရတယ်။ အဲဒါတွေကိုဖျက်ပြီး စာပေဟောပြောပွဲကို လက်ခံ တယ်။ မနက်ဖြန်လို ဟောခါနီး မှ ဒီနေ့လိုပွဲမဖြစ်တော့ဘူး ဆိုပြီးလုပ်တော့ ကျွန်တော်တို့ဘက်ကလည်း ဖောင်းတာတွေ ရှိသလို ကော်မတီတွေဘက်က ပျက်ကွက်တာတွေလည်းနဲ့ ရှိ တယ်။ နှစ်ဦးနှစ်ဖက်ပါပဲ။

Journalist Publishing။ ။ ဆရာလည်း အင်တာနက်သုံးနေတော့ ဒီ လူမှုကွန်ရက်စာမျက် နှာဖြစ်တဲ့ Facebook ကို ပုဂ္ဂိုလ်ရေးအတွက် သုံးတာလား၊ သတင်းအချက်အလက်အတွက် သုံးတာလား။

သရဝဏ်(ပြည်) ။ ပထမတော့ ပုဂ္ဂိုလ်ရေးအတွက်ပဲ သုံးတာဗျ။ ကျွန်တော်က Facebook မှာတောင် ကိုညီပဲရေးထားတာ။ Ko Nyi ပဲ။ ကိုညီဆိုပြီး ကျွန်တော့်တူလေးက ကွင်းစကွင်းပိတ်နဲ့ (သရဝဏ်)ဆိုပြီး သူ့ဘာသာထည့်ပေးတာ။ ကျွန်တော်လည်း လုပ်တတ်တာမဟုတ်ဘူး။ ကျွန်တော်ဖွင့်တုန်းက ကိုညီနဲ့ ဖွင့်တယ်။ ကိုညီဆိုတဲ့ အသုံးက နည်းသထက်နည်းလာပြီး တော့ သရဝဏ်အနေနဲ့ လူတွေကစိတ်ဝင်စားပြီးတော့ comment တွေ ရေးတယ်။ Friend Request တွေပို့တယ်။ နောက်တဖြည်းဖြည်းနဲ့ လူငါးထောင်ပြည့်သွားတယ်။ ကျွန် တော်လည်း ကိုညီရဲ့လှုပ်ရှားမှုကဏ္ဍကိုလျှော့ပြီး ကျွန်တော့် ရဲ့စာတွေ ဆောင်းပါးတွေကို ဒါတွေပဲ နောက်ပိုင်းတင်ဖြစ် တော့တယ်။ ကျွန်တော် ဟောပြောပွဲသွားတဲ့ဓာတ်ပုံတွေ တင် ဖြစ်တယ်။ ပရိသတ်တွေကလည်း ဂျာနယ်ဝယ်ဖတ်ဖို့ လက်လှမ်းမမီတဲ့နေရာတွေမှာ အများကြီးရှိတယ်။ တချို့နယ်

တွေမှာ ရောက်နေတယ်။ တချို့ နိုင်ငံခြားမှာ ရောက်နေ တယ်။ တချို့ဆို သဘော်သားတွေ။ ဒါလေးနဲ့ ဆရာ့စာဖတ်ရ တာ Facebook ကနေ ဖတ်ရတာ အင်မတန် အဆင်ပြေ ပါတယ်ဆိုပြီး စာတွေပို့တော့ ကျွန်တော်လည်း အတတ်နိုင်ဆုံး အသစ်တစ်ပုဒ်ရေးပြီးတာနဲ့ ဂျာနယ်မှာပါမယ့် ရက် လောက်ကိုမှန်းပြီး တင်ပေးနေတာပဲ။ အဓိကတော့ ပရိသတ် ကြားကို ရောက်ပါစေဆိုတဲ့ စေတနာပေါ့ဗျာ။ အဲဒီ လိုတင် လိုက်လို့ ကျွန်တော် ပိုက်ဆံလည်း မရပါဘူး။ အချိန်တွေ တောင် ကုန်သေးတယ်။ ကိုယ့်စာကို ပြည်သူတွေဖတ်ကြ ပါစေဆိုတဲ့ သဘောနဲ့ တင်ဖြစ်နေတာပါ။

Journalist Publishing။ ။ အဲဒီ လို Facebook သုံးနေတဲ့အခါမှာ ကိုယ့်ဘာသာခံယူထား တဲ့ ကျင့်ဝတ်ပေါ့။ ကိုယ့်ဘာသာ မူချထားတာမျိုး ရှိလား။

သရဝဏ်(ပြည်) ။ ကျွန်တော်က ကိုယ့်ဘာသာထားတာရယ်။ ကိုယ့်ပရိသတ်က ထားစေချင်တာပေါ့။ နာမည်တပ်ပြီး ဆဲတာဆိုတာတွေ ကျွန်တော်မကြိုက်ဘူး။ ကျွန်တော်တို့က ဒီစနစ်ကို မကြိုက်လို့ ဝေဖန်ပြီးတော့ရေးနေပေမယ့် နာမည်တပ်ပြီးတော့ ဦးဘယ် သူကို ဘာထင်တယ်တို့၊ ညာထင်တယ်တို့၊ ဓာတ်ပုံကို ဖိုတိုရှော့ခ်နဲ့ပြင်ပြီး ရိုင်းရိုင်းစိုင်းစိုင်းလုပ်ထားတာတွေ လက် မခံဘူး။ ဘာသာရေးမှာလည်း ကျွန်တော်တို့က ဗုဒ္ဓဘာသာ ဝင်ဖြစ်ပေမယ့် အခြားဘာသာတွေကိုလည်း Repect ရှိပါ တယ်။ ပုဂ္ဂိုလ်ရေးဆဲတာ ကျွန်တော် လက်မခံဘူး။ ဘာသာ၊ သာသနာကို တစ်ယောက်နဲ့တစ်ယောက် ထိပါးတာ ကျွန်တော် မကြိုက်ဘူး။

Journalist Publishing။ ။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဆိုရင် Facebook မှာ ဆယ်လီဗရက်တီပဲ။ အားလုံးလည်း သိပြီးသားပါ။ လူထုက ရွေးချယ်တင်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ယေက် အနေနဲ့ Facebook မှာ ပြောသင့်ပြောဆိုထိုက်တာတွေ မ ဟုတ်ဘဲ တစ်ယောက်နဲ့တစ်ယောက် တစ်ဖွဲ့နဲ့တစ်ဖွဲ့ တိုက်ခိုက် တာ၊ စောင်းမြောင်းပြောဆိုတာတွေ လုပ်တာရှိတယ်။

ခုနက ဆရာပြောသွားတာနဲ့ ဆန့်ကျင့်ဘက် ဖြစ်နေတာပေါ့။

သရဝဏ်(ပြည်) ။ ကျွန်တော်တို့က Facebook အကောင့်တစ်ခုကို ကြည့်တဲ့ အခါကျတော့ ကိုယ်စားလှယ်ရယ်၊ ဘာရယ်မဟုတ်ဘူးပေါ့ ဗျာ။ သူ့ဘာသာ ကိုယ်စားလှယ်ပဲဖြစ်ဖြစ်၊ ပဲပြုတ်သည်ပဲဖြစ် ဖြစ် လူတစ်ယောက်နဲ့တစ်ယောက် နာမည်တပ်ပြီး ဆဲဆိုအ ပုပ်ချနေတာကတော့ မကောင်းဘူးပေါ့ဗျာ။ ကိုယ်စားလှယ်ဆို ရင် သူတို့အနေနဲ့ ပိုပြီးတော့ ထိန်းရမယ့် တာဝန်ရှိတာပေါ့။

Journalist Publishing။ ။ ဆရာဝတ္ထုတို့၊ ဇာတ်ညွှန်းတို့ ရေးဖို့ရှိလား။

သရဝဏ်(ပြည်) ။ ဝတ္ထုက ရေးတယ်။ ဇာတ်ညွှန်းက မရေးဘူး။ ဝတ္ထုလုံ့ချင်းက ဂျူးစာပေ၊ ကံ့ကော်ဝတ်ရည်၊ နွေမိုးဆောင်းစာပေတို့ကနေ ထွက်ဖူးတယ်။ လုံးချင်းဝတ္ထုရေးပါတယ်။ ဇာတ်ညွှန်းကိုတော့ ကျွန်တော် အခုထိမရေးဖူးဘူး။ ကျွန်တော်နဲ့သိပ်ပြီးလည်း မ နီးစပ်ဘူး။

Journalist Publishing။ ။ ဆရာ့စာဖတ်ပရိသတ်တွေက ဆရာ့ကို ရွေးကောက်ပွဲဝင်ဖို့ တောင်းဆိုလာမယ်ဆိုရင်ရော ဆရာ ဘယ်လိုစဉ်းစားမလဲ။

သရဝဏ်(ပြည်) ။ နိုင်ငံရေးက ကျွန်တော်တို့က ကျောင်းမှာစသင်ကတည်းက နိုင်ငံတကာဆက်ဆံရေးကို သင်ခဲ့ရတော့ ကျွန်တော် ငယ် ငယ်ကတည်းက နိုင်ငံရေးကို ဝါသနာပါတယ်။ ရွေးကောက်ပွဲ ဆိုတာက နိုင်ငံရေးသမားတစ်ယောက်အနေနဲ့ ဆက်စပ်နေ တာပဲလေ။ လောလောဆယ်တော့ ကျွန်တော် အစီအစဉ်မရှိ သေးဘူး။ နောင်တစ်ချိန် သက်တမ်းတစ်ခု နောက်ငါးနှစ် ဆယ်နှစ်လောက် ရောက်တဲ့အခါကျရင်တော့ ကျွန်တော် နိုင် ငံရေးထဲမှာ ပါရင်ပါမှာပေါ့။ အဲဒီ အခါကျရင်တော့ ရွေး ကောက်ပွဲလည်း ဝင်ချင်ဝင်မှာပါ။

Journalist Publishing။ ။ နောက်ဆုံးမေးခွန်းအနေနဲ့ ၂၀၁၅ ရွေးကောက်ပွဲအတွက် ဆရာ့စာဖတ်ပရိသတ်တွေကို ဘာစကားတစ်ခွန်းလောက် အမှာပါးချင်ပါသလဲ။

သရဝဏ်(ပြည်)။ ၂၀၁၅ ကတော့ သိတဲ့အတိုင်းပဲ ၁၉၉၀ တုန်းက ကျွန်တော်တို့ လွဲခဲ့တဲ့အခွင့်အရေးတစ်ခုကို ပြန်ယူဖို့အတွက် ချေပဂိုး သွင်းဖို့အတွက် အကောင်းဆုံးအခြေအနေတစ်ခုပေါ့။ အခုချိန်မှာ ချေပဂိုးပြန်မသွင်းနိုင်ရင် နောင်မျိုးဆက်တစ်ခုလုံး ညံ့ သွားလိမ့်မယ်။ ဘောလုံးစကားနဲ့ပြောရင် အချိန်ကစေ့ခါနီး ပြီ။ အချိန်ပိုကို ရောက်နေပြီ၊ အခုချိန်မှာ ပင်နယ်တီသွင်းရတဲ့ အခွင့်အရေးကိုရထားသလို ဂိုးဝင်ဖို့လိုတယ်။ လူတော်လူကောင်းတွေကို တင်မြှောက်နိုင်ဖို့ လိုတယ်။ မှန်ကန်တဲ့ ပါတီကို မဲပေးဖို့လိုတယ်။ ပြတ်ပြတ်သားသားနဲ့ ပုံပေးပြီးတော့ ကောင်းတဲ့ဘက်ကို ထောက်ခံရတော့မယ့်အချိန် ရောက်နေပြီ။ အဲဒီ လိုထောက်ခံလိုက်မှ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့လွဲခဲ့တဲ့ ဂိုးတစ်ဂိုးကို တိုင်းပြည်အတွက် ပြန်ပြီးတော့ အဖတ်ဆယ်မယ့် ဂိုးတစ်ဂိုး ပြန်ရနိုင်မယ်။ အဲဒါကြောင့် ဂိုးဝင်အောင်သွင်းကြပါလို့ ပြောချင်ပါတယ်။

Journalist Publishing။ ။ ဟုတ်ကဲ့ အခုလိုဖြေပေးတာ ကျေးဇူးတင်ပါတယ် ဆရာ။

*

# လိမ်ဦးမှာလား ၂၀၁၅

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကတော့ လမ်းပိတ်သွားချေပြီ။ အောင်ဆန်းစုကြည်လည်း သမ္မတမဖြစ်နိုင်တော့။ ပြည်နယ်နှင့်တိုင်းဝန်ကြီးချုပ်ကိုလည်း သက်ဆိုင်ရာလွှတ်တော်များက တိုက်ရိုက်ရွေးချယ်ခွင့်မရှိတော့။ ဖက်ဒရယ်ပြည်ထောင်စု ပီပီသသဖြစ်ထွန်းရေးမှာလည်း မနီးစပ်တော့။ ပြည်နယ်များ၏ လုပ်ကိုင်ခွင့်မှာလည်း ထင်းခုတ်၊ မီးသွေးဖုတ်၊ ဈေးကောက်ကောက် စီမံခန့်ခွဲမှုလောက်က မတက်နိုင်တော့။ ပြည်သူများ စိတ်ဓာတ်ကျကြသည်။ ဘာဆက်လုပ်ရမလဲ။ ဘာဆက်လုပ်ကြမလဲ။ ပြည်သူများ တွေဝေကုန်ကြသည်။ သို့သော် ဤကိစ္စများသည် တကယ်တော့ အဆန်းမဟုတ်။ ၂၀၀၈ ခုနှစ်မတိုင်မီကပင် ညောင်နှစ်ပင်အမျိုးသားညီလာခံ၌ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲကြကတည်းက တစ်နေ့တွင် ဒီဘူတာပဲဆိုက်မည်ဆိုတာ နိုင်ငံရေးပါးဝသူတိုင်းက သိပြီးသားပင်ဖြစ်သည်။ နိုင်ငံတော်၏ အခြေခံရမည့်မူများထဲတွင် အနာဂတ်နိုင်ငံတော်၏ ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ဆောင်ရွက်ရေးဆိုတာကြီး ထုတ်ပြန်လာ ကတည်းက ဒီအချိုးမျိုး ချိုးတော့မည်ဆိုတာ စဉ်းစားတတ်သူအားလုံး သိပြီးသားဖြစ်သည်။ ထို့ကြောင့် ကျွန်တော်ကတော့ မအံ့သြပါ။ အမျိုးသားညီလာခံခေါ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို လူတွေအများကြီးဖြင့် တိုင်ပင်ရေးဆွဲခဲ့သည်ဆိုသော်လည်း လူအများစုမှာ လက်ညှိုးထောင်ခေါင်း ညိတ်အဆင့်ထက် မပိုခဲ့သော အိမ်ဖြည့်အဆင့်များသာ ဖြစ်သည်။ တကယ်တမ်း စဉ်းစားဝေဖန် အကြံပြုထောက်ပြနိုင်သော သူများမှာ

အမျိုးသားညီလာခံသို့ ဖိတ်ခေါ်ခံရဖို့ဝေးစွ၊ ထောင်ထဲသို့ ထည့်ထားခြင်းမခံရလျှင် ကံကောင်းဆိုသော အခြေအနေမျိုးဖြစ်ခဲ့သည်။ အမျိုးသားညီလာခံကို ဝေဖန်လျှင် ထောင်အနှစ် ၂၀ ကျခံရနိုင်သော ဥပဒေကို ပြဋ္ဌာန်းခဲ့သေးသည်။ တကယ်တော့ ညောင်နှစ်ပင်အမျိုးသားညီလာခံသည် ရုပ်ပြကောင်းရုံ ပြုလုပ်ခဲ့သော ဟန်ပြညီလာခံဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို တကယ်ရေးဆွဲခဲ့သူမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဦးအောင်တိုး ဖြစ်သည်။ စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးလိုချင်သမျှကို အခြေခံဥပဒေစာအုပ်ထဲ ပါလာစေ ရန် ဥပဒေစာသားများ သွတ်သွင်းပေးရသူမှာ ဒေါက်တာတင်အောင်အေးနှင့်ဦးအောင်တိုးတို့ ဖြစ် သည်။ ၂၀၀၇ အောက်တိုဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအစိုးရ(န.အ.ဖ) အဖွဲ့ ကြေညာချက် ၂/၂၀၀၇ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင် ဖွဲ့စည်းကြောင်း ကြေညာခဲ့ရာ ထိုအဖွဲ့တွင် ဥပဒေပညာရှင် ၅၄ ဦးအထိ လူမြင်ကောင်း အောင် ဖွဲ့စည်းပေးခဲ့သော်လည်း တကယ်တမ်းတွင် စစ်အစိုးရအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး ၏ လိုလားချက်များကို စာရွက်ပေါ်တွင် ဥပဒေဘောင်ဝင်အောင် ရေးပေးရခြင်းမှတစ်ပါး အဖွဲ့တွင် ထူးခြားသောလုပ်ပိုင်ခွင့် မရှိချေ။ ထို့ကြောင့် အမျိုးသားညီလာခံမှာ ဟန်ပြဖြစ်ပြီး စစ်အစိုးရခေါင်း ဆောင်များ လိုချင်သော ပါချင်သော အချက်များကိုသာ ရေးဆွဲထားခဲ့ခြင်းဖြစ်၍ အစကတည်းက မူ မမှန်သော၊ ဗီဇမျိုးစေ့မမှန်သည့် အခြေခံဥပဒေဖြစ်သည်။ ထိုဥပဒေနှင့် ဒီမိုကရေစီမှာ နံ့သာဆီနှင့် အီး၊ ဘုန်းကြီးနှင့်ဘီးလို ပြဒါးတစ်လမ်းသံတစ်လမ်းပင် ဖြစ်သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ပြုပြင်ပြောင်းလဲရေးအဆိုကို တပ်မတော်သားများက သူတို့ရထားသော ၂၅ ရာခိုင်နှုန်း ဗီတိုအာဏာနှင့် ဖယ်ချလိုက်တော့ လူအများအံ့ဩသော်လည်း ကျွန်တော် မအံ့ဩမိပါချေ။ ဒီဇာတ်လမ်းကလျှင် ဒီဇာတ်ဝင်ခန်းပဲ မြင်ရမည်မဟုတ်ပါလား။ သို့သော် တိုင်းသူပြည်သားများသည်

စိတ်ပျက်အားလျော့စရာတော့ မလိုပါချေ။ လုပ်နိုင်သည့် ဘောင်ထဲက တိုင်းပြည်တိုးတက်အောင် လုပ်လို့ရသမျှ လုပ်ကြရမည် ဖြစ်သည်။ တပ်မတော်သည် ပုဒ်မ ၄၃၆(ခ)နှင့် ဆက်နွယ်နေသော ပုဒ်မများကို မပြင်ချင်ခြင်းအတွက် အကြောင်းပြချက် လုလု လေးများကို အမျိုးမျိုး ပြောကြားနေသော်လည်း တကယ့်အကြောင်းရင်းမှန်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၄၅ ကို ကာကွယ်လိုရင်းဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း (၁၄) ပုဒ်မ ၄၄၅ တွင် ဤသို့ရေးသားဖော်ပြထား၏ ။

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ မူဝါဒ လမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များကိုလည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဆောင်ရွက် ချက်များ၊ တာဝန်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း ဆက်ခံသည်။ ယင်းအဖွဲ့ သို့ မဟုတ် အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် အစိုးရအဖွဲ့ဝင်တစ်ဦးဦး၏ တာဝန်အရ ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် ယင်းတို့အား တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

ဤစာသားများမှာ နိုင်ငံတော်အကြီးအကဲဟောင်းဆိုသူ၏ ဆန္ဒများကို ဦးအောင်တိုးတို့၊ ဒေါက်တာခင်အောင်အေးတို့အဖွဲ့က စာစီကုံးပေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကြီး၏ စာမျက် နှာ ၁၇၈ တွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော် ထဲတွင် ဖြစ်နေသော ထောက်ခံမဲ၊ ကန့်ကွက်မဲများမှာလည်း ဤစာပိုဒ်ကြောင့် ဖြစ်နေရခြင်း ဖြစ် သည်။

လူတို့က တွေးထင်သည်မှာ တပ်မတော်သည် ဖက်ဒရယ်စနစ်ကို

မလိုလား၍ ကန့်ကွက် သည်တို့၊ ဒီမိုကရေစီကို မလိုလား၍
ဆန့်ကျင်ကန့်ကွက်မဲပေးသည်တို့၊ လွှတ်တော်ထဲမှ တပ်မ တော်သား ၂၅
ရာခိုင်နှုန်းရှိနေခြင်းကို အလျှော့မပေးချင်သောကြောင့် ပုဒ်မ ၄၃၆ ပြင်ဆင်ရေးကို
ကန့်ကွက်သည်တို့၊ အမျိုးသားနိုင်ငံရေးသဘောတရားအရ ကန့်ကွက်သည်တို့
စသည်ဖြင့် ထင်မြင် ယူဆကာ အမျိုးမျိုးပြောနေကြပေသည်။ ထိုအယူအဆများမှာ
အပေါ်ယံနေဖြင့် ဟုတ်ကောင်း ဟုတ်နိုင်သော်လည်း တကယ့်အကြောင်းရင်းခံမှာ
ထိုသို့မဟုတ်နိုင်ပေ။ ပုဒ်မ ၄၄၅ ကို ကာကွယ် လိုသောဆန္ဒကြောင့် ဤသို့သော
အခင်းအကျင်းများ ဖြစ်လာသည်ဟု သုံးသပ်နိုင်ပေသည်။ အမျိုး သားညီလာခံသည်
ဟန်ပြသာဖြစ်ပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်အကြီးအကဲ
ဟောင်းဆိုသူနှင့် ဥပဒေပညာရှင်တစ်စု လက်ကြိုတ်ထိုးစီမံရာမှ ဖြစ်ပေါ်လာခြင်းကို
ထင်ရှားစွာ တွေ့နိုင်သည်။ ဆွေးနွေးနေဆဲအခိုက်ဝယ် တိုင်းရင်းသားတို့ တင်ပြသမျှ
ဘာမှအရာမထင်သဖြင့် ထိုစဉ်က ညီလာခံခေတ္တနားသောအခါ မွန်ပြည်သစ်ပါတီပင်
အမျိုးသားညီလာခံ ပြန်မတက်တော့ ဘူးဟု အသံထွက်ခဲ့ဖူးသည်။ နောက်တော့
စစ်အစိုးရ၏ စည်းရုံးမှုကြောင့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အချို့
ညောင်နှစ်ပင်ညီလာခံ တက်ကြသည်။ ထူးခြားသော ပြောရေးဆိုခွင့်တော့ မရခဲ့ ချေ။
စစ်အစိုးရခေါင်းဆောင်ဟောင်းများသည် နဝတ၊ နအဖ စစ်အစိုးရလက်ထက်က
ဆောင်ရွက် ခဲ့သမျှကို ဥပဒေအရ နောက်ကြောင်းပြန် အရေးယူခံရမှာ
ကြောက်ကြသည်။ အထူးသဖြင့် ၁၉၈၈ အာဏာသိမ်းသည့်ကာလက
လူသေဆုံးမှုများ၊ ထောက်လှမ်းရေးလက်ချက်ဖြင့် အသက်သေဆုံး၊ ထောင်ချခံ၊
နှိပ်စက်ခံကြရခြင်းများ၊ ဒီပဲယင်းအရေးအခင်း၊ ၂၀၀၇ သံဃာအရေးအခင်း စသည့်
ကိစ္စများ သူတို့ကို အမှုပတ်လာမှာကို ကြောက်သည်။ အထူးသဖြင့်
အာဏာလက်လွှတ်ရချိန်တွင် တရားတပေါင် ရင်ဆိုင်ရမှာကို ကြောက်သည်။
ထို့ကြောင့် ပုဒ်မ ၄၄၅ ကို ထည့်သွင်းပြဋ္ဌာန်းခဲ့ သည်။ ယခင်အစိုးရလက်ထက်တွင်
ကြီးငါးကြီးရှိရာ ထိုသူများမှာ ဦးသန်းရွှေ၊ ဦးမောင်အေး၊ ဦး ခင်ညွန့်၊ ဦးရွှေမန်း၊
ဦးစိုးဝင်းတို့ ဖြစ်သည်။ ပုဒ်မ ၄၄၅၏ အဓိကရည်ရွယ်ချက်မှာ ထိုကြီးငါးကြီးကို

ကာကွယ်ရေးဖြစ်သည်။ ထိုအထဲတွင် ဝန်ကြီးချုပ်ဟောင်း ဦးစိုးဝင်းသည် ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ဦးခင်ညွန့် သည် စစ်အစိုးရကို မလိုလားသဖြင့်ဖယ်ထုတ်ခြင်းကို ခံခဲ့ရပြီဖြစ်သည်။ ဦးရွှေမန်းသည် ယခုအခါ အစိုးရအသစ်လက်ထက်တွင် လွှတ်တော်နာယကတာဝန်ကို ထမ်းဆောင်နေပြီဖြစ်သည်။ ရာထူးမရှိတော့သော အဓိကပုဂ္ဂိုလ်နှစ်ဦးသာ ကျန်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ သည် ပြင်ဆင်ခြင်းအားလုံး၏ အခေါင်အချုပ်ဖြစ်သည်။ ၄၃၆ ကိုပြင်လိုက်လျှင် နောင်အခါ NLD နှင့် တိုင်းရင်းသားများ အာဏာရလာလျှင် ၄၄၅ ကိုပါ ဖြုတ်ပစ်လို့ရ၏ ။ ပြင်ပစ်လိုက်လို့ရ၏ ။ ထို့ကြောင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် ပြုပြင်ပြောင်းလဲရေးကို ကန့်ကွက် နေခြင်းဖြစ်သည်ဟု မြင်နိုင်သည်။ ပြုပြင်ပြောင်းလဲရေးကို အလျှင်စလိုမလုပ်သင့်ကြောင်း ထိုကိုယ် စားလှယ်များက ထောက်ပြနေခြင်းမှာလည်း အကြောင်းရှိသည်။ စစ်အစိုးရ၏ အကြီးအကဲဟောင်းကြီးနှစ်ဦး သက်ရှိထင်ရှားရှိနေသရွေ့ ပုဒ်မ ၄၄၅ ကို တည်တံ့စေလို၍ ဖြစ်သည်။ ဤအချက်ကို ထည့်မတွက်ဘဲ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ကွက် ကွက်ကိုပဲကြည့်ကာ ဝေဖန်လျှင် အဖြေမှန်ကို တွေ့မည်မဟုတ်။ မိမိရင်ဆိုင်နေရသော လူတွေ သည် ဘာ့ကြောင့် ဘာကိုလုပ်နေသည်ဆိုခြင်းကို ပါးနပ်သောနိုင်ငံရေးသမားများဖြစ်သည်ဆိုလျှင် သဘောပေါက်ရမည်။ နိုင်ငံတော်အကြီးအကဲဟောင်းများ သက်ရှိထင်ရှားရှိနေသရွေ့ တပ်မတော် သည် ပုဒ်မ ၄၃၆ ကို ပြင်ဆင်ချင်မည်မဟုတ်။ မျှော်လင့်နေလျှင် မျှော်လင့်သူတို့၏ မိုက်မဲမှုသာရှိ မည်။ အမိုက်နှင့်ပြင်ရှိသေးလားဟူသော ဆုံးမစာထဲကလိုရှိမည်။ နိုင်ငံတော်အကြီးအကဲဟောင်း များ လူ့ပြည်တွင် သက်တမ်းစေ့၍ မနေကြရတော့သော နောက်ပိုင်းတွင် တပ်မတော်သည် လွှတ် တော်ထဲမှ တစ်စတစ်စ ထွက်ခွာခြင်းအပါအဝင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို

စတင်ဆောင် ရွက်လာပါလိမ့်မည်။ ထို့ကြောင့် ယခုအချိန်တွင် လွှတ်တော်တွင်းမှ ၂၅ရာခိုင်နှုန်းသော ပုဂ္ဂိုလ်များ ဘယ်တော့ဘယ်လိုထွက်ခွာမလဲဟူသော အချိန်ဇယား (Time Frame) ကိုမေးမြန်းခြင်းမှာ ပြန်စာ မရနိုင်သောရည်းစားကို စာပေးခြင်းလိုသာ ရှိမည်။ Reply လာမည်မဟုတ်။ လက်ဖက်ကောင်း စားချင်လျှင် ပလောင်တောင်တက်နေ့ရမည်။ ပြည်သူလူထုသည် စိတ်ရှည်ရှည်စောင့်စားကြရုံသာ ရှိသည်။ Hope for the best, prepare for the worst အကောင်းဆုံးကို မျှော်လင့် အဆိုးဆုံး အတွက် ပြင်ဆင်ဆိုသလိုပင်။ ယခုရှိနေသော အခြေအနေနှင့် အလိုက်ဖက်ဆုံးကိစ္စများကို ဆောင် ရွက်ကြရန် ဖြစ်သည်။

တပ်မတော်ကလည်း လွှတ်တော်တွင်ရှိနေမည်။ ပုဒ်မ ၄၃၆ လည်း မပြင်နိုင်သော အခြေ အနေတွင် အကောင်းဆုံးဆောင်ရွက်နိုင်သည်မှာ ၂၀၁၅ ရွေးကောက်ပွဲတွင် အောင်နိုင်ရေးဖြစ် သည်။ ရွေးကောက်ပွဲတွင် မဲအများစုဖြင့် အောင်မြင်သောပါတီသည် သမ္မတလောင်းနှစ်ဦး ရွေး ချယ်နိုင်မည်။ အစိုးရဖွဲ့နိုင်မည်။ ဒေါ်အောင်ဆန်းစုကြည်သည် သမ္မတမဖြစ်နိုင်သော်လည်း နိုင်ငံခြားရေးဝန်ကြီးသော်လည်းကောင်း၊ ကျန်းမာရေး၊ ပညာရေးဝန်ကြီးသော်လည်းကောင်း ဖြစ် နိုင်သေးသည်။ (နိုင်ငံခြားရေးဝန်ကြီးရာထူးက ပို၍ သင့်လျော်သည်)။ လွှတ်တော်တွင် ဥက္ကဋ္ဌဖြစ်နိုင်သည်။ သို့သော် လွှတ်တော်ဥက္ကဋ္ဌရာထူးထက် နိုင်ငံတကာနှင့် ဆက်ဆံသွားလာပြောဆိုရသော Minister of Foreing Affair(အမေရိကန်အခေါ် Secretary of State) က ဒေါ်အောင်ဆန်းစု ကြည်နှင့် ပို၍ လိုက်ဖက်သင့်တော်သည်။ ပြည်ထောင်စုလွှတ်တော်တွင် အမတ်ဦးရေပေါင်း ၆၆၄ ဦး ရှိရာ NLD သည် ရွေးကောက်ပွဲတွင် အမတ်ဦးရေ ၃၃၂ ဦးထက်မနည်း တစ်ပြည်လုံးတွင် အရွေးခံရလျှင် လွတ်လွတ်ကျွတ်ကျွတ် အစိုးရဖွဲ့နိုင်သည်။ (၁၉၉၀ ရွေးကောက်ပွဲတွင် NLD အမတ် ၃၉၂ ဦး ရွေးကောက်ခံခဲ့ရသည်။)သမ္မတကို လွှတ်တော်အမတ်ထဲမှဖြစ်စေ၊

လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှဖြစ်စေ ရွေးချယ်တင်မြှောက်နိုင်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀(ဂ) တွင် ပြဋ္ဌာန်းထားရာ NLD သည် အမတ် ၃၃၂ ဦးသာ ရွေးချယ်ခံရပါက သူရဦးတင်ဦးဖြစ်စေ၊ ပါတီ ထဲမှ အခြားတစ်ဦးဦးဖြစ်စေ၊ တိုင်းရင်းသားမဟာမိတ်ထဲမှ တစ်ဦးဦးဖြစ်စေ(ဥပမာ ဦးခွန်ထွန်းဦး)၊ ၈၈ မျိုးဆက်ငြိမ်း-ပွင့်ထဲမှ ခေါင်းဆောင်တစ်ဦးဦး(ဥပမာ-ကိုမင်းကိုနိုင်/ကိုကိုကြီး) ကို သမ္မတနေ ရာ တင်မြှောက်နိုင်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ပါတီဥက္ကဋ္ဌနေရာတွင်ပင် ဆက်နေကာ NLDကို ဆက်လက်ဦးဆောင်သွားနိုင်သည်။ ပါတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးရာထူးသည် အကောင်းဆုံးမဟုတ်သော်လည်း လက်ရှိအနေအထားအရ ဒေါ်အောင်ဆန်းစုကြည်အတွက် အသင့်တော်ဆုံး ရည်မှန်းချက် ဖြစ်သင့်သည်။

အစိုရအဖွဲ့ဖြစ်လာသောအခါ NLD သည် ပြည်သူလူထုအကျိုးကို ရှေးရှု၍ လုပ်နိုင်သော အရာများစွာ ရှိသည်။ ပထမအချက်အနေနှင့် ပြည်သူ့ဘဏ္ဍာငွေကို အကုန်အကျများစေသော လက်ရှိအစိုရအရွယ်အစား လွန်မင်းစွာ ဖောင်းပွနေခြင်းကို လျှော့ချ၍ ကျစ်ကျစ်လျစ်လျစ် ပြန် လည်ဖွဲ့စည်းနိုင်သည်။ ယခုအစိုးရအဖွဲ့တွင် သမဝါယမဝန်ကြီးဌာန၊ သမ္မတရုံးဝန်ကြီးဌာနခြောက် ခု၊ မီးရထားဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန စသည်ဖြင့် ဝန်ကြီးဌာနများ ဖောင်းပွကာ ဝန်ကြီး အရေအတွက် ၃၆ ပါးတောင် ရှိနေသည်။ မလိုသောဝန်ကြီးဌာနများကို ဖျက်သိမ်းပစ်ရမည်။ ဒု ဝန်ကြီးနှစ်ဦးစီ ထားနေခြင်းသည် ကြိုးနီစနစ်ကို ပိုမိုထွန်းကားစေသောကြောင့် ဌာနတစ်ခုတွင် ဒုဝန်ကြီးတစ်ဦးစီသာ ထား၍ ရသည်။ တရားစီရင်ရေးသည် ပြည်ထဲရေးဝန်ကြီးလက်အောက်တွင် ကျရောက်နေသာကြောင့် တပ်မတော်၏ လက်အောက်သို့ တရားရုံးများ ကျသလိုဖြစ်နေသည်။ ထို့ ကြောင့် တရားရေးဝန်ကြီးဌာန(Ministry of Justice) ကို ဝန်ကြီးဌာနအသစ်ပြန်ဖွဲ့ကာ

တရားရုံး များကို စစ်တပ်၏ လွှမ်းမိုးမှုအောက်မှ ခွဲထုတ်ပစ်ရမည်။ အစိုးရအသစ်သည် မိုးကျရွှေကိုယ်များကို ဖယ်ရှားပြီး ကျွမ်းကျင်ပညာရှင်များ၊ ပညာတတ်လူတော်များကို နေရာပေးရမည်။ အဂတိလိုက်စား မှုကို ပြင်းထန်ထိရောက်သော တရားစီရင်ရေးဖြင့် နှိမ်နင်းရမည်။ ပညာရေး၊ ကျန်းမာရေးဘတ် ဂျက်ကို ပိုမိုသုံးစွဲရမည်။ ဆင်းရဲသားတို့ အကျိုးရှိမည့် ရေတိုရေရှည် PLAN များ ချမှတ်ရမည်။ ထို ကိစ္စများ ရွေးကောက်ပွဲတွင် အနိုင်ရပါက လုပ်ဆောင်နိုင်သော အချက်များဖြစ်သည်။ နိုင်ငံခြား သံရုံးများတွင် မိုးကျရွှေကိုယ်များအစား တိုင်းပြည်အတွက် တကယ်အလုပ်လုပ်မည့် ပညာတတ် များနှင့် အစားထိုးခန့်အပ်ကာ ပြည်ပရောက်မြန်မာအလုပ်သမားများကို ဆတက်ထမ်းပိုး ကာကွယ် စောင့်ရှောက်ခြင်း ပြုလုပ်နိုင်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေကာ အလုပ်အ ကိုင်အခွင့်အရေးများ ဖန်တီးခြင်းဖြင့် ပြည်ပရောက် မြန်မာအလုပ်သမားများ သိက္ခာရှိရှိ ပြည်တော် ပြန်ဝင်လာရေးကို ဆောင်ရွက်နိုင်သည်။ ပုဒ်မ ၁၈ အပါအဝင် လူ့အခွင့်အရေးကို ချိုးနှိမ်သော၊ နိုင်ငံ ရေးသမားများကို ရမယ်ရှာဖမ်းဆီးနိုင်သော ပုဒ်မများကို ဖျက်သိမ်းခြင်း၊ ပြင်ဆင်ခြင်း လုပ်နိုင် သည်။ ဖွဲ့စည်းပုံဥပဒေပုဒ်မ ၂၀၄(က) အရ နိုင်ငံတော်သမ္မတသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးပိုင် ခွင့်ရှိသဖြင့် ဖမ်းဆီးခံကျောင်းသားများ၊ ဝန်းရုံသူများ၊ နိုင်ငံရေးအကျဉ်းသားများကို ပြစ်ဒဏ်မှ လွတ်ငြိမ်းကာ ထောင်မှလွှတ်ပစ်နိုင်သည်။ ရွေးကောက်ခံအမတ်များသည် စာနယ်ဇင်းလွတ်လပ် ခွင့်ကို ပိုမိုအာမခံနိုင်သော ဥပဒေ၊ နည်းဥပဒေများ လွှတ်တော်တွင် ပြဋ္ဌာန်းနိုင်သည်။ သက်ကြီး ရွယ်အိုများကို လူမှုဖူလုံရေးအစောင့်အရှောက်များ တိုးတက်ပေးအပ်နိုင်သည်။

NLD အနိုင်ရလျှင် တိုင်းပြည်ကောင်းကျိုးဆောင်ရွက်နိုင်သော နည်းလမ်းများစွာ ရှိသည်။ တစ်ခုပဲရှိသည်။ ထိုကိစ္စတွေဖြစ်ဖို့ ရွေးကောက်ပွဲတွင် အံ့နှင့်ကျင်းနှင့် ၁၉၉၀ တုန်းကလို အပြတ် အသတ် အနိုင်ရဖို့လိုသည်။ အစိုးရဖွဲ့နိုင်ဖို့

လိုသည်။ ယှဉ်ပြိုင်ရမည့်အဖွဲ့မှာ အာဏာရပါတီဖြစ်နေ သဖြင့် ဘဏ္ဍာရေးတောင့်တင်းမှု၊ လုပ်ပိုင်ခွင့်ရှိမှုတို့တွင် တစ်ဖက်ကသာနေသည်။ ထို့အပြင် ရွေး ကောက်ပွဲတွင် ဒိုင်လူကြီးလုပ်မည့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် လက်ရှိသမ္မတ၏ သူငယ် ချင်း တပ်မတော်သား စစ်ဗိုလ်ချုပ်တစ်ယောက် ဖြစ်နေသည်။ ထိုစစ်ဗိုလ်ချုပ်ကြီးဟောင်း ဦးစီး ကျင်းပမည်ဆိုသော ၂၀၁၅ ရွေးကောက်ပွဲမှာ မကျင်းပရသေးမီကပင် မဲစာရင်းမှားယွင်းမှုများ ဆိုး ဆိုးရွားရွား ဖြစ်ပေါ်နေသည်။ ရွေးကောက်ပွဲတွင် မဲလိမ်မှုများ ဖြစ်လာနိုင်သည်ဟု နိုင်ငံရေးအကဲ ခတ်များက စိုးရိမ်နေကြသည်။ ၂၀၀၈ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တစ်ခါ၊ ၂၀၁၀ ရွေးကောက်ပွဲ တွင် တစ်ခါ ညစ်ပတ်ကလိမ်ကျမှုကို ပြည်သူလူထုက တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ ၂၀၁၅ ရွေး ကောက်ပွဲတွင်ရော လိမ်ဦးမှာလား၊ ညစ်ဦးမှာလားဟု လူထုက စိုးရိမ်နေကြပါသည်။ သမ္မတကြီးက လည်း ဂျပန်ခရီးစဉ်တွင် ပြည်သူလူထုကလိုလားလျှင် ဒုတိယသက်တမ်းကို တာဝန်ထပ်မံထမ်း ဆောင်ကောင်း ထမ်းဆောင်မည်ဟု ပြောကြားထားရာ ပြည်သူလူထု မလိုလားသူမရှိ၊ လိုလားမဲ များချည်းဖြစ်အောင် အခွမလုပ်ပုံ့မြည်ကိုလည်း ပြည်သူလူထုက စိုးရိမ်နေပါသည်။

မည်သို့ပင်ဖြစ်စေ လူထုသည် စိတ်ပျက်နေစရာမလို။ သံဃာအား ဘုရားမလွန်ဆန်သာ ဆိုသလို နိုင်ငံနှင့် ပြည်သူလူထုတိုးတက်ပြောင်းလဲဖို့ တကယ်ပြောင်းချင်သူများကို မဲထည့်ရမည် ဖြစ်သည်။ အများညီလျှင် မဲလိမ်သည့်တိုင်အောင် ဒီမိုကရေစီဘက်တော်သားများ နိုင်ခဲ့သည်ကို ၂၀၁၀ ရွေးကောက်ပွဲ အချို့မဲဆန္ဒနယ်များ၌ ကြိုတင်မဲဘယလောက်ဖြည့်ဖြည့် ပြည်သူလူထုက ချစ်ခင်အားပေးကြသူများသာ အောင်ပွဲခံခဲ့တာလည်း ကြုံဖူးပါသည်။ ကိုယ့်အိမ်မှာ ကိုယ်ထိုင်နေ၍ တော့ အပြောင်းအလဲသည် သူ့အလိုလိုဖြစ်လာမည်မဟုတ်။ ကိုယ်တိုင်လည်း ပါဝင်လှုပ်ရှားရမည်။ မတရားမှုများကိုလည်း စောင့်ကြည့်ကန့်ကွက်ဖော်ထုတ်ရမည်။

သန့်ရှင်းသောအစိုးရတစ်ရပ်၊ ကောင်းမွန်သော အစိုးရတစ်ရပ်ကို ရွေးချယ်နိုင်ခွင့်သည် ကျွန်တော်တို့လက်ထဲမှာပင် ရှိပါသည်။ ၄၃၆ ပြောင်းလဲရေးတို့၊ ၂၅ ရာခိုင်နှုန်း ထွက်ခွာသွားရေးတို့ကတော့ အနာဂတ်ကို ထိတ်လန့်နေ သော ပုဂ္ဂိုလ်ကြီးများ မရှိတော့သည့်အခါ ဖြစ်ပေါ်လာပါလိမ့်မည်။ ဤကမ္ဘာပေါ်၌ မည်သူမျှ ထာဝရ အသက်ရှင်နိုင်ရိုး မရှိပါ။

**သရဝဏ်(ပြည်)**

**စောင့်ကြည့်ဂျာနယ်**

**၁၄.၇.၂၀၁၅**

**66**

မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့်

လူ့အခွင့်အရေး ရသွားမှာ သူတို့

ကြောက်သည်။ မြန်မာတွင် ဒီမိုကရေစီ

အစိုးရတက်လာလျှင် ယခုရရှိနေသော

သစ်တော၊ ကျောက်မျက်၊

သဘာဝ ဓာတ်ငွေ့၊ တွင်းထွက်ပစ္စည်း၊

လယ်ယာထွက်ပစ္စည်း စသော သဘာဝ

သယံဇာတများကို ပေါပေါလောလော

သူခိုးဈေးဖြင့် မရတော့မှာ တွေးပူ၏ ။

ထို့ပြင်တဝ နောက်တစ်ချက်လည်း

ရှိသေး၏ ။ လွှအခွင့်အရေး

ချိုးဖောက်မှုကြောင့် မြန်မာကို

ကုလသမဂ္ဂလုံခြုံရေးကောင်စီက

အရေးခွင့်ရသွားခဲ့လျှင် အလားတူပြစ်မှု

မျိုးအတွက် တစ်နေ့နေ့တွင်

ကိုယ့်ဘက်သို့ ပြန်လှည့်လာမှာ

တရုတ်အစိုးရ လန့်သည်။

**99**

*

# လှေနံနှစ်ဖက်နင်းတဲ့ နဂါးကြီး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား တရုတ်နိုင်ငံမှ ဖိတ်ခေါ်သဖြင့် တရားဝင်ချစ်ကြည်ရေးခရီးအဖြစ် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်မှ ၁၄ ရက်အတွင်း လည်ပတ်မည်ဖြစ်ကြောင်း၊ တရုတ်ကွန်မြူနစ်ပါတီမှ ဖိတ်ကြားခြင်းဖြစ်ပြီး တရုတ်ပြည်၌ ဒေါ်အောင်ဆန်းစုကြည်ရှိနေစဉ် တရုတ်သမ္မတ ရှီကျင့်ပင်၊ တရုတ်ဝန်ကြီးချုပ် လီခယ်ကျင်းစသော ထိပ်တန်းနိုင်ငံ့ခေါင်းဆောင်များသည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။ ထိုအခါ ကျွန်တော်သည် တရုတ်တို့၏ စိတ်ပြောင်းစိတ်လွဲကို သတိပြုမိရုံမက လွန်ခဲ့သော ရှစ်နှစ်ခန့်က အဖြစ်အပျက်များကို တရေးရေး မြင်ယောင်မိပါသည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်အကျယ်ချုပ်ဖြင့် စစ်အစိုးရ၏ ဖမ်းဆီးထိန်းသိမ်းထားခြင်းကို ခံနေရပါသည်။ အချိန်ကား ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်ဝယ် သံတမန်များ၊ သတင်းထောက်များ၊ စကားပြန်များ၊ ဝန်ထမ်းများသည် လှုပ်လှုပ်ရွရွ ဖြစ်နေ၏ ။ အဘယ်ကြောင့်ဆိုသော် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများကို ဖမ်းဆီးထိန်းသိမ်းထားမှု ချက်ချင်းရပ်ရန်၊ အဓိပ္ပာယ်ရှိသော တွေ့ဆုံဆွေးနွေးမှု ချက်ချင်းစတင်ရန်၊ တိုင်းရင်းသားလူမျိုးများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် စစ်ဆင်တိုက်ခိုက်မှု

ချက်ချင်းရပ်တန့်ရန် တောင်းဆိုချက်များ ပါဝင်သော လုံခြုံရေးကောင်စီဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ရန်ရှိသောကြောင့် ဖြစ်သည်။ ဤဆုံးဖြတ်ချက် အဆိုမူကြမ်းကို အမေရိကန်နှင့် ဗြိတိန်သံတမန်များက ရေးဆွဲတင်ပြလာခြင်းဖြစ်သည်။ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မှာ မလိုက်နာဘဲ နေချင်နေနိုင်သည်။ မလိုက်နာလျှင် ဘာလုပ်မည်ဟူသော အချက်မပါ။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၀ နိုင်ငံက ဆုံးဖြတ်ခဲ့လျှင်တော့ ထိုဆုံးဖြတ်ချက်မှာ စည်းနှောင်မှုရှိသော ဆုံးဖြတ်ချက်ဖြစ်၍ လိုက်ကိုလိုက်နာရမည်။ မလိုက်နာလျှင် စီးပွားရေးဒဏ်ခတ်မှု၊ စစ်ရေးအရဝင်ရောက်အရေးယူမှုတွေ ပါလာမည်ဖြစ်၍ အလွန်အရေးကြီးသည်။ ထိုအချိန်တွင် မြန်မာစစ်အစိုးရသည် အတိုက်အခံနှင့် ဒီမိုကရေစီဘက်တော်သားများကို အရမ်းကားဆုံး၊ အဖိနှိပ်ဆုံး အချိန်ဖြစ်၍ မြန်မာပြည်တွင်းဝယ် မိုးမှောင်ကြီးလုံးလုံးကျနေသော အချိန်လည်း ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်အပါအဝင် အဖမ်းခံနေရသော ထောင်တွင်းနိုင်ငံရေးသမားတို့ လွတ်မြောက်ရေးကို ပြည်တွင်းတွင် မည်သို့မျှ ငြိမ်းချမ်းစွာတောင်းဆို၍ မရတော့သော အခြေအနေဖြစ်သည်။ စစ်အစိုးရသည် မည်သူ့ကိုမျှ လူမထင်အောင် ရမ်းကားနေသော အခိုက်အတန့် ဖြစ်သည်။ မြန်မာပြည် သာယာနေပါသည်ဟု ဇွတ်အဓမ္မဝါဒဖြန့်နေချိန်လည်းဖြစ်သည်။ ထိုအချိန် ထိုအခိုက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားများကို ခြွင်းချက်မရှိလွှတ်ပေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မဲခွဲကြခြင်းဖြစ်သည်။ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် အလှည့်ကျအဖွဲ့ဝင် ဆယ်နိုင်ငံ စုစုပေါင်း တစ်ဆယ့်ငါးနိုင်ငံရှိသည်။ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံငါးနိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ပြင်သစ်၊ ရုရှား၊ တရုတ် ငါးနိုင်ငံအနက် တစ်နိုင်ငံဟာ အဆိုတစ်ခုခုကို သဘောမတူကန့်ကွက်ခဲ့လျှင် ကျန် ဆယ့်လေးနိုင်ငံက သဘောတူသည့်တိုင် ဆုံးဖြတ်ချက်ပျက်ပြားရတော့သည်။ ဤအင်အားကြီးနိုင်ငံ

ငါးနိုင်ငံသည် ဗီတိုအာဏာခေါ် အများသဘောတူသော်လည်း သူသဘောမတူက ပယ်ချခွင့် အာဏာကို ရရှိထားသည်။ သို့သော် ကမ္ဘာ့ဇာတ်ခုံပေါ်၀ယ် ၁၉၈၉ ခုနှစ်မှစကာ ဗီတိုအာဏာအသုံးချမှု တစ်ခါမျှ မရှိတော့ပေ။

ထိုနေ့က မြန်မာ့အရေးကို မဲခွဲဆုံးဖြတ်ကြ၏ ။ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး၊ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ ပြည်တွင်းစစ်ရပ်စဲရေး၊ လူ့အခွင့်အရေး၊ တွေ့ဆုံဆွေး နွေးရေး အားလုံးသည် ကျွန်တော်တို့မြန်မာပြည်သူပြည်သားများ မျှော်လင့်တောင့်တနေသော အရာများဖြစ်သည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးက ဆုံးဖြတ်ချက်မူကြမ်းကို စတင်ထောက်ခံသည်။ ယူနိုက်တက်ကင်းဒမ်း(ခေါ်) U.K နိုင်ငံသံအမတ်က လက်မြှောက်ပြီးထောက်ခံသည်။ ထို့ နောက် ပြင်သစ်သံအမတ်က ထောက်ခံသည်။ ဘယ်လ်ဂျီယံနိုင်ငံကလည်း ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ဆုံးဖြတ်ချက်ကို ထောက်ခံသည်။ အာဖရိကတိုက်မှ ဂါနာနိုင်ငံကပင် ထောက်ခံသည်။ အီတလီသံအမတ်က သူ့လက်ကိုမြှောက်ပြကာ ထောက်ခံပါသည်ဟုဆို၏ ။ ပနားမားနိုင်ငံကလည်း ထောက်ခံသည်။ ဝေးလံခေါင်ဖျားမှ ပီရူးနိုင်ငံကပင် ထောက်ခံသည်။ ဆလိုဗက်ကီးယားနိုင်ငံကလည်း ထောက်ခံသည်။ အရှေ့တောင်အာရှမှ အင်ဒိုနီးရှား၊ ကွန်ဂိုပြည်ထောင်စု၊ ကာတာနိုင်ငံတို့က ကြားနေမဲပေးသည်။ ထို့ကြောင့် ဆယ့်ငါးမဲတွင် ထောက်ခံမဲ ကိုးမဲရရှိနေသည့် အနေအထား ဖြစ်သည်။ မဲများရာအနိုင်ရစနစ်သာဆိုလျှင် အဆိုမှာ အောင်မြင်ပြီဖြစ်သည်။ မဲပေးရန် သုံးနိုင်ငံသာ ကျန်တော့သည်။ အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ ရုန်းထွက်ခဲ့ရသော မြန်မာနှင့်အလားသဏ္ဍာန်တူသည့် နယ်လ်ဆင်မင်ဒဲလားနှင့် ဒီကလပ်ရှိရာ တောင်အာဖရိကနိုင်ငံ၊ မြန်မာ့အိမ်နီးချင်းတရုတ်နိုင်ငံ၊ ရုရှားနိုင်ငံတို့ ဖြစ်သည်။ အားလုံးက တောင်အာဖရိကသည် မြန်မာ့ဒီမိုကရေစီရေးကို အားပေးမည်ထင်ထားကြ၏ ။

သို့သော် တောင်အာဖရိကက ကန့်ကွက်မဲပေးပါသည်။ သို့သော်ထောက်ခံမဲကိုးမဲ ရထားသဖြင့် တောင်အာဖရိက၏ ကန့်ကွက်မဲတစ်မဲသည် အရာမဝင်သေး။ ဗီတိုအာဏာရထားသော တရုတ်နှင့်ရုရှားတို့မှာ အဆုံးအဖြတ်ဖြစ်လာသည်။ လူများစုအတွက် ဒီမိုကရေစီကို အားပေးမလား၊ လူနည်းစုစစ်အာဏာရှင်ကို ကာကွယ်မလား၊ ဘယ်လိုမဲပေးမလဲ။ နိုင်ငံရေးသည် ညစ်ပတ်သောကစားပွဲ (Polities is a dirty game) ဟူသော စကားပုံရှိသည်။ တရုတ်နှင့်ရုရှားသည် ၅၁ သန်းသော မြန်မာပြည်သူတွေဘက်မှာ ရှိမနေ။ ဒေါ်အောင်ဆန်းစုကြည်ဘက်မှာ ရှိမနေ။ ထောင်သွင်းအကျဉ်းချခံရလေသော မြန်မာ့နိုင်ငံရေးသမားတွေဘက်မှာ ရှိမနေ။ စစ်အာဏာရှင်တို့ဘက်မှာသာ သူတို့အကျိုးအတွက် ရပ်တည်ခဲ့လေသည်။ တရုတ်က ဗီတို အာဏာသုံးကာ အဆိုကိုကန့်ကွက်ပယ်ချသည်။ တရုတ်ပယ်ချလျှင်ပင် အဆိုသည် ရှုံးနိမ့်သွားပြီ ဖြစ်သည်။ သို့သော် ရုရှားကလည်း မြန်မာစစ်အစိုးရသည် သူ့ထံမှ စစ်လက်နက်ပစ္စည်းများ ဝယ်ယူနေခြင်းမှ အလဟဿမဖြစ်ကြောင်း ပြသသည့်အနေဖြင့် လူသေကိုဓားဖြင့်ထိုးသည့်သဖွယ် နောက်ထပ်သူပိုင်ဆိုင်သော ဗီတိုအာဏာကိုကန့်ကွက်မဲတစ်မဲကို မြန်မာအာဏာပိုင်များအလိုကျစေရန် ထပ်မံပေးလိုက်ခြင်းဖြင့် UN လုံခြုံရေးကောင်စီသမိုင်းတွင် ဖြစ်တောင့်ဖြစ်ခဲ နှစ်ထပ်ကွမ်း ဗီတိုအာဏာ(Double Veto) ဖြစ်သွားပါတော့သည်။ ဇာတ်ပေါင်းသော် ဒေါ်စုလွတ်မြောက်ရေးအဆိုသည် တရုတ်နှင့်ရုရှားကြောင့် သဲထဲရေသွန် ဖြစ်ခဲ့ရပါ၏ ။ ဒဏ္ဍာရီပုံပြင်မဟုတ် လွန်ခဲ့သော ရှစ်နှစ်ခန့်က အဖြစ်မှန်ဖြစ်ပါသည်။

တရုတ်သည် မြန်မာ့ဒီမိုကရေစီရေးတွင် ထိုမျှလောက် ခလောက်ဆန်ခဲ့ပေ၏ ။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရသွားမှာကို သူတို့ကြောက်သည်။ မြန်မာတွင် ဒီမိုကရေစီ အစိုးရ တက်လာလျှင် ယခုရရှိနေသော သစ်တော၊ ကျောက်မျက်၊ သယံဇာတ၊ သဘာဝ ဓာတ်ငွေ့၊ တွင်းထွက်ပစ္စည်း၊ လယ်ယာထွက်ပစ္စည်း စသော သဘာဝ သယံဇာတများကို ပေါပေါလောလော

သူခိုးဈေးဖြင့် မရတော့မှာ တွေးပူ၏။ ထို့ပြင်တပ နောက်တစ်ချက်လည်း ရှိသေးသည်။ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုကြောင့် မြန်မာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးခွင့်ရသွားခဲ့လျှင် အလားတူပြစ်မှုမျိုးအတွက် တစ်နေ့နေ့တွင် ကိုယ့်ဘက်သို့ ပြန်လှည့်လာမှာ တရုတ်အစိုးရ လန့်သည်။ အဘယ့်ကြောင့်ဆိုသော်တရုတ်ပြည်တွင်လည်း တိန်နယ်မင်ရင်ပြင်အရေးအခင်းတွင် ဆန္ဒပြကျောင်းသားများကို တင့်ကားနှင့်တက်ကြိတ်သော ကမ္ဘာကျော်ဖြစ်ရပ် ၁၉၈၉ တွင် ဖြစ်ပွားခဲ့သောကြောင့် ဖြစ်သည်။ တရုတ်အတိုင်အခံပေါင်းများစွာကိုလည်း ယခုတိုင် ထောင်သွင်းအကျဉ်းချထားဆဲဖြစ်သည်။ ထို့ကြောင့် သူခိုးကသူဝှက်ကို မစီရင်ဝံ့သည့်သဘောလည်းပါသည်။ ဘာပဲဖြစ်ဖြစ် တရုတ်သည် မြန်မာ့ဒီမိုကရေစီရေးတွင် ဖီလာကန့်လန့်တိုက်ခဲ့သည်ကတော့ အသေအချာဖြစ်သည်။

သို့သော် တရုတ်အစိုးရသည် ခပ်ညံ့ညံ့အစိုးရမဟုတ်။ ရေရှည်ကိုကြည့်တတ်သော အစိုးရ ဖြစ်သည်။ မြန်မာပြည်တွင် ဗကပ စသောကွန်မြူနစ်သူပုန်များ အင်အားကောင်းသောခေတ်က ဗကပများကို ငွေအင်အား၊ လူအင်အား၊ စစ်ရေးအင်အားတို့ဖြင့် အလုံးအရင်းနှင့် ထောက်ပံ့ခဲ့ဖူးသည်။ ကွန်မြူနစ်တို့ အာဏာရလာမည်ထင်သောကြောင့် ရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်သည်။ ကွန်မြူနစ်တို့သည် သူတို့ထင်သလောက် အရည်အချင်းမရှိ။ မည်သည့်မြို့ရွာကိုမှ ကြာရှည်စွာ သိမ်းပိုက်နိုင် စွမ်းမရှိ။ ရေရှည်တွင် အစိုးရဖြစ်နိုင်မည့် အရိပ်အယောင် မမြင်သောအခါ ဗကပကို ကန်ထုတ်လိုက် ပြီး အာဏာမြဲနေဆဲ ဗိုလ်နေဝင်းနှင့်သာ ပလူးပလဲလုပ်ခဲ့သည်။ ၈၈ အရေးအခင်း ဖြစ်သောအခါ တရုတ်သည် လက်မြန်ခြေမြန် စစ်အစိုးရနှင့် ဝင်ပေါင်းကာ သယံဇာတများကို အောက်ဈေးဖြင့် နှိုက်သည်။ သို့သော် ၁၉၉၀ ရွေးကောက်ပွဲတွင် NLD အပြတ်အသတ်နိုင်သောအခါ တရုတ်တို့သည်

အရှိန်နှင့်ပြေးနေသောမြင်းကို ဇက်ကြိုးတုံ့သကဲ့သို့ ဖြစ်သွား၏ ။ NLD အစိုးရဖြစ်လာနိုင်သော အကွက်တစ်ကွက် ပေါ်လာသဖြင့် မြန်မာနိုင်ငံ တရုတ်သံအမတ်ကြီးသည် ရန်ကုန်မြို့ NLD ရုံးချုပ် သို့ ရွေးကောက်ပွဲအောင်မြင်မှုအတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပို့၏ ။ ပေကျင်းမှ အမိန့်မရ ဘဲ တရုတ်သံအမတ်ကြီးသည် သူ့သဘောနှင့်သူ ဤသို့လုပ်ဝံ့မည်မဟုတ်။ NLD အလားအလာ ကောင်းသဖြင့် ကြိုကန်ထားခြင်းဖြစ်သည်။ ပြည်ပနိုင်ငံများအနက် NLDကို ချီးကျူးဂုဏ်ပြုလွှာပို့ သည်မှာ တရုတ်သံရုံးသည် ပထမဆုံးဖြစ်၏ ။ တရုတ်သည် သူ့အကျိုးအတွက် ဤမျှပင် လက်မြန် ခြေမြန် ရှိပေ၏ ။ နောင်သော် စစ်အစိုးရက NLDကို အာဏာလွှဲမပေးသောအခါ တရုတ်အစိုးရသည် NLDကို လှည့်၍ ပင်မကြည့်တော့ဘဲ စစ်အစိုးရနှင့်သာ ပလူးပလဲဆက်ရှိနေခဲ့တာ တွေ့ရပေမည်။ ဤသို့ဖြင့် နေလာခဲ့ရာ ၂၀၀၇ ခုနှစ်တွင် လုံခြုံရေးကောင်စီ၌ မဲခွဲပွဲပေါ်လာသောအခါ ပိုနေမြဲ ကျားနေမြဲ အာဏာဆက်ထိန်းထားနိုင်အောင် စစ်အစိုးရဘက်ကသာ ရပ်တည်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ စားကောင်းသောက်ကောင်း နေလာခဲ့သော်လည်း ၂၀၁၀ တွင် မြစ်ဆုံဆည်ရေကာတာစီမံကိန်း ငါးနှစ်ရပ်ဆိုင်းခံရပြီးနောက် တရုတ်အစိုးရသည် ၂၀၁၅ တွင် တက်လာနိုင်သော အစိုးရကို စိတ်ဝင်စားလာသည်။ နောက်ရွေးကောက်ပွဲတွင် တက်လာသောအစိုးရနှင့် ဆက်ဆံရေးပြေလည်မှုရမှ သူတို့လုပ်ချင်သော စီမံကိန်းများ မြန်မာနိုင်ငံတွင် ဆက်လုပ်ခွင့်ရမည်။ ထို့ကြောင့် မြန်မာ့နိုင်ငံရေး အနာဂတ်ကို ဗေဒင်ဆရာလို တွက်ချက်သောအလုပ်ကို တရုတ်တို့ တရစပ်လုပ်လာကြသည်။ ဖြစ်နိုင်ခြေကို တွက်ကြည့်တော့ နိုင်ငံ့ခေါင်းဆောင်ဖြစ်နိုင်တာ သုံးဖွဲ့ပဲရှိတာ သူတို့တွေ့သည်။ ဤသုံး ဖွဲ့ကား ပြည်ခိုင်ဖြိုးပါတီ၊ NLDပါတီနှင့် ၈၈ မျိုးဆက်အဖွဲ့ဖြစ်သည်။ ပြည်ခိုင်ဖြိုးပါတီနှင့်သော်ကား တရုတ်ကွန်မြူနစ်ပါတီသည် ဂဟေဆက်သလို ရိုက်စားခွင့်များစွာ အတူတကွဆောင်ရွက်ခဲ့သော သမိုင်းကြောင်းခိုင်မြဲပြီးသား ဖြစ်သည်။ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ စီမံကိန်းများ၊ သစ်ခုတ်၊ ကြေးနီ တူး၊ ရွှေရှာ၊

ရေနံပိုက်လိုင်းဖောက် စသည့်ခွင့်များ အတူတကွ ဆောင်ရွက်ခဲ့ပြီးသား ဖြစ်သည်။ သို့သော် တရုတ်တို့ပူပင်သောအချက်မှာ ပြည်ခိုင်ဖြိုးပါတီသည် ၂၀၁၅ ရွေးကောက်ပွဲတွင် အာဏာ ပြန်ရချင်မှရတော့မည့်အရေး ဖြစ်သည်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီ အပြတ်အသတ် ရှုံးနိမ့်မှုကလည်း ထိုအချက်ကို မီးမောင်းထိုးပြနေသည်။ နိုင်ငံ့ခေါင်းဆောင်ဖြစ်လာ နိုင်မည့်အဖွဲ့ထဲတွင် ၈၈ မျိုးဆက်ကျောင်းသားများလည်း ပါလာနိုင်သဖြင့် ၈၈ အဖွဲ့ကို မကြဲစဖူး တရုတ်တို့ ချဉ်းကပ်ခဲ့ကြသည်။ ၈၈ မျိုးဆက်အဖွဲ့မှ ခေါင်းဆောင်များကို ယခင်က တရုတ်တို့သည် သူတို့နိုင်ငံသို့ တရားဝင်ဖိတ်ခေါ်ဖို့ဝေးစွ သံရုံးရှေ့စာလာဝေလျှောင်ပင် ထွက်မယူဝံ့ပေ။ ဤသို့ လူ ချင်းမတူ သူချင်းမမျှသည့်သဖွယ် ဆက်ဆံခဲ့ကြပေ၏ ။ ၂၀၁၃ မေလအတွင်းကလည်း ဦးညီပုနှင့် ဖြူဖြူသင်းတို့ ပါဝင်သော NLD ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို တရုတ်ပြည်သို့ ၁၀ ရက်ခရီး ဖိတ် ခေါ်ပြီး မြန်မာပြည်တွင် မြစ်ဆုံဆည် ပြန်လည်တည်ဆောက်ရေးကိစ္စများကို တရုတ်အစိုးရက တိုက်တွန်းပြောကြားခဲ့သည်။ ထိုခရီးစဉ်အတွင်း NLD ထိပ်တန်းခေါင်းဆောင်များ ပါမသွားစေကာ မူ တရုတ်တို့ဘက်က ကူမင်းအုပ်ချုပ်ရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည် ထောင်စုအဆင့် ဒုဝန်ကြီးများနှင့် တွေ့ခဲ့ရသည်။ NLDပါတီဝင်တို့တွေ့ခဲ့ရသော တရုတ်အာဏာပိုင် အားလုံး တညီတညွတ်တည်းပြောသည်မှာ မြစ်ဆုံဆည်စီမံကိန်းကို သူတို့ပြန်စချင်သည့်အချက်ပင် ဖြစ်သည်။ ထို့ကြောင့် တရုတ်တို့သည် သူတို့အကျိုးအတွက် NLDနှင့် ၈၈ မျိုးဆက်တို့ကို ချဉ်းကပ် ခဲ့ကြောင်း ထင်ရှားသည်။ လက်ပန်းတောင်းတောင် စီမံကိန်းတွင် ကြေးနီပရောဂျက်ကို ဆက်လုပ် ခွင့်ပေးခဲ့သော ဒေါ်အောင်ဆန်းစုကြည်ကို ကျေးဇူးဥပကာယတင်ကြောင်း တရုတ်တို့က ပြောလိုက် သည်ဟုလည်း သိရ၏ ။

တရုတ်တို့အတွက် မြန်မာနိုင်ငံသည် အာလာဒင်၏

ဆီမီးခွက်ကြီးသဖွယ်၊ လိုတရက္ကစ္ဆာသ ယ လွယ်အိတ်တစ်လုံးသဖွယ် ဖြစ်နေခဲ့သည်မှာ ကြာပေပြီ။ သစ်တောမှသည် မိန်းမအဆုံး တရုတ် သည် မြန်မာဘက်မှ မှာယူတင်သွားနေခဲ့သည်မှာလည်း အထင်အရှားပင်။ တရုတ်တို့သည် မြန်မာ နိုင်ငံသည် အလွန်အရေးပါသော စီးပွားရေးလုပ်ကွက်တစ်ခုအနေဖြင့် တည်ရှိနေခြင်းကို မြန်မာ သည် ဘယ်တုံးကမှ နိုင်ကွက်မကိုင်နိုင်ခဲ့ချေ။ တရုတ်သည် မြန်မာတပ်မတော်အတွက် တိုက်လေ ယာဉ်များ၊ သံချပ်ကာယာဉ်များ၊ စစ်သင်္ဘောများ ရောင်းချပေးခဲ့ပြီး မြန်မာ့ကြည်းရေလေတပ် မတော်အရာရှိများကို သင်တိုးပို့ချပေးခြင်းများလည်း ဆောင်ရွက်ခဲ့သဖြင့် စစ်အစိုးရက တရုတ်ကို မြန်မာ၏ ကျေးဇူးရှင်ဟု အထင်ရောက်ကောင်း ရောက်ခဲ့ပေမည်။ တကယ်တော့ တရုတ်သည် သူ တို့အကျိုးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကျောက်ဖြူတွင် ရေနက်ဆိပ်ကမ်းဆောက်ခြင်း၊ မြန်မာ့ဆိပ်ကမ်းများသို့ ဝင်ထွက်နိုင်သော ဆိပ်ကမ်းများ တည်ဆောက်ပေးခြင်း၊ မြန်မာ့ရေတပ်နှင့် နီးကပ်စွာဆက်ဆံခြင်းသည် အိန္ဒိယသမုဒ္ဒရာကို စိုးမိုးထားနိုင်ရေး မဟာဗျူဟာအပါအဝင် အရှေ့ တောင်အာရှ ရေပိုင်နက်နှင့် ဘင်္ဂလားပင်လယ်အော်ကို ကြီးစိုးရေးအကြံအစည်ပင် ဖြစ်သည်။ တရုတ်သည် မြန်မာပိုင် ကိုကိုးကျွန်းတွင်ပင် ၈၅ မီတာကျယ်သော ဆိပ်ကမ်းတည်ဆောက်ခြင်း၊ ရေတပ်အတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ကင်းတပ်စခန်းတည်ဆောက် ခြင်း၊ အဆင့်မြင့်စောင့်ကြည့်ထောက်လှမ်းရေးကိရိယာများ တည်ဆောက်ခြင်းတို့ကို အိန္ဒိယနိုင်ငံ ပိုင် အင်ဒမန်နှင့် နီကိုးဘားကျွန်းများမှ ၁၈ ကီလိုမီတာသာ ကွာဝေးသောအရပ်တွင် တည်ဆောက် ပေးခဲ့ခြင်း ဖြစ်သည်။ ထို ကိုကိုးကျွန်းမှ စောင့်ကြည့်လျှင် ဒုံးကျည်စမ်းသပ်ခြင်းအပါအဝင် အိန္ဒိယ ၏ စစ်ရေးလှုပ်ရှားမှုများကို တရုတ်တို့ ထောက်လှမ်းနိုင်မည်ဖြစ်သည်။ စစ်တွေတွင် ရေတပ်စခန်း ဆောက်ခြင်းကိုလည်း တရုတ်တို့ ကူညီခဲ့၏ ။ အကောင်းကာမဟုတ်။ အိန္ဒိယအရှေ့ဘက်ပိုင်း အကြီးဆုံးဆိပ်ကမ်းမြို့ကြီးဖြစ်သော ကိုးလ်ကတ္တားနှင့်

အနီးဆုံးတွင်ရှိသော မဟာဗျူဟာအရ အရေးပါသောနေရာတွင် ရှိသောကြောင့် ဖြစ်သည်။ မြန်မာသည် တရုတ်အတွက် စီးပွားရေးအရ အကျိုးရှိမည့်ကိစ္စများမှာလည်း မနည်းချေ။ တရုတ်ပြည်တောင်ပိုင်းမှ အိန္ဒိယသမုဒ္ဒရာသို့ အလွယ် ဆုံး ထွက်နိုင်သောကုန်းလမ်းသည် ရန်ကုန်-စစ်တွေလမ်း ဖြစ်သည်။ ထို့ကြောင့် ထိုလမ်းဖောက်ဖို့ တရုတ်အတွက် အလွန်အရေးပါပေသည်။ မြန်မာနှင့်တရုတ်နယ်စပ်ကုန်သွယ်ရေးသည် ဒေါ်လာ ဘီလီယံ ၁ ဒသမ ၄ ခန့် ရှိပါ၏ ။ ဤအရေအတွက်ကား မှောင်ခိုကုန်သွယ်ခြင်း မပါသေး။ တရား မဝင်သစ်ခိုးခုတ်ခြင်းတို့ မပါဝင်သေးပါ။ တရုတ်သည် ရခိုင်ပြည်နယ် စစ်တွေကမ်းလွန်ဒေသတွင်ရှိ သော မြန်မာ့သဘာဝ ဓာတ်ငွေ့သိုက်ကိုလည်း လက်ဝါးကြီးအုပ်ထားနိုင်သည်။ တရုတ်သည် မြန်မာအား ငွေများထုတ်ချေး၏ ။ အကြွေးများ ပေး၏ ။ အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံ ယူနန် ပြည်နယ်မှ မြန်မာနိုင်ငံ ရခိုင်ကမ်းမြောင်အထိ ၂၃၈၀ ကီလိုမီတာရှည်သော ပိုက်လိုင်းကြီးကို ဖြတ်သန်းတည်ဆောက်ခွင့် ရခဲ့၏ ။ ဧရာဝတီနှင့် သံလွင်မြစ်ပေါ်တွင် ရေကတာများ ပိတ်ဆို့တည် ဆောက်ခွင့်ရခဲ့၏ ။ China National Offshore Oil Corporation နှင့်China National Petroleum Corporation တို့သည် မြန်မာ့ရေနံများကို သန့်စင်မှုအဆင့်မြှင့်တင်မှုလုပ်ငန်းများတွင် လုပ်ဆောင် ရန် အရေးပါသော လုပ်ခွင့်ကန်ထရိုက်ရခဲ့ပြီး ထွက်လာသောရေနံများကိုပါ အချိုးကျခွဲဝေယူခွင့် ရ ရှိခဲ့သည်။ Patro China ကုမ္ပဏီသည် ရွှေသဘာဝ ဓာတ်ငွေ့လုပ်ကွက် (၁) မှ တရုတ်နိုင်ငံ ယူနန် ပြည်အထိ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ခွင့် ရခဲ့သည်။ တရုတ်သည် ဖြစ်နိုင် လျှင် အရှေ့အလယ်ပိုင်း အာရပ်နိုင်ငံများမှ ရေနံများကို မလက္ကာရေလက်ကြားကိုဖြတ်၍ မြန်မာ အနောက်ဘက်ကမ်းရိုးတန်းမှ တရုတ်ပြည်အထိ ပိုက်လိုင်းဖြင့် သယ်ယူတင်သွင်းဖို့ အကြံအစည် ရှိသည်။ China Power Investment Corporation ကလည်း မြစ်ဆုံစီမံကိန်းအတွက် ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံရင်းနှီးမြှုပ်နှံထားသည်။ ထို့ကြောင့် စီမံကိန်းကို လွယ်လွယ်နှင့်

အလျှော့ပေးမှာ မဟုတ်။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို တရုတ်တို့ ဖိတ်ခေါ်ခြင်းမှာ ချစ်လွန်းလို့တော့ မ ဖြစ်နိုင်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ချက်ချင်းလွှတ်ဖို့ ကုလသမဂ္ဂတွင် ၂၀၀၇ ခုနှစ်က မဲခွဲကြစဉ် တရုတ်တို့၏ သဘောထားအမှန်ကို ပြခဲ့ပြီးဖြစ်သည်။ မကြာမီက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ သူရဦးရွှေမန်းအား တရုတ်ပြည်သို့ ဖိတ်ခေါ်ဆွေးနွေးပြီးဖြစ်သော်လည်း ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးမနိုင်ခဲ့လျှင်ဟူသော ပူပန်စိတ်ဖြင့် ဒေါ်အောင်ဆန်းစု ကြည်အား ခြေမမြဲလက်မြဲသဘောဖြင့် တရုတ်က ထပ်မံလိုင်းဝင်ခြင်း ဖြစ်သည်။ တိုတိုပြောရလျှင် မူကား တရုတ်နဂါးကြီးသည် ပြည်ခိုင်ဖြိုးနှင့်NLD ဟူသော လှေနံနှစ်ဖက်ကို ခွနင်းထားပြီး နိုင် သည့်ဘက်သို့ ခုန်ချရေးမှ သူတို့၏ မူဝါဒ ဖြစ်ပါကြောင်း၊ သူတို့၏ ဆိတ်ဖုံးစေ့ကဲ့သို့ သာကူးဝါဒမှာ မြန်မာအတွက် တစ်စက်မှမပါ။ သူတို့နိုင်ငံနှင့် သူတို့လူမျိုးအကျိုးအတွက်သာဖြစ်ပါကြောင်း တင်ပြ အပ်ပါသည်။

**သရဝဏ်(ပြည်)**

**66**

# ဘယ်သူသည် သင့်ကို

# မိခင်လိုချစ်ခဲ့သလဲ။

# ဘယ်သူသည် သင့်ကို

# ဘီလူးတစ်ကောင်လို

# ကိုက်ဖြတ်ဝါးမျို စားသောက်ခဲ့သလဲ။

သူများကိုမေးစရာမလို

သတင်းစာဖတ်စရာမလို

နိုင်ငံရေးတရားပွဲသို့ သွားစရာမလို

ဩဝါဒတွေ ခံစရာမလို

ရုပ်မြင်သံကြား ကြည့်စရာမလို

သင်အလိုလို

သိနှင့်နေပြီး ဖြစ်ပါ၏ ။

ကျွန်ုပ် ဘာမှမပြောလိုတော့ပါ...

**99**

*